## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှလာသောလေကြောင့် မတုန်မလှုပ်သကဲ့သို့ ပညာရှိတို့သည် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။

ဓမ္မပဒ

# မြဝတီ နေ့စဉ်

ဖြောင့်မတ်တည်ကြည် သတင်းမှန်သည်မြဝတီ

### ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၀၅)

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်
၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၉ ရက်၊ စနေနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ ကျင်းပပြုလုပ်သည့် ထိပ်သီးအစည်းအဝေးများသို့တက်ရောက်လာသည့် ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E. Ms. Paetongtarn Shinawatra နှင့်တွေ့ဆုံဆွေးနွေး** စာ-၁၁ သို့

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံချင့်မြို့ရှိ စက်ရုံ၊ အလုပ်ရုံများသို့ သွားရောက်လေ့လာ

နေပြည်တော် နိုဝင်ဘာ ၈

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် ချုံချင့်မြို့ရှိ စက်ရုံအလုပ်ရုံများသို့ သွားရောက်လေ့လာသည်။

### Zhongyue Aviation UAV Firefighting–Drone Co.,Ltd.

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Zhongyue Aviation UAV Firefighting–Drone Co.,Ltd. သို့ ရောက်ရှိကြရာ ကုမ္ပဏီမှ Founder & Chairman ဖြစ်သူ Mr. CAO, Bing နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ကုမ္ပဏီပြခန်းအတွင်း ကုမ္ပဏီ၏ သမိုင်းအကျဉ်းနှင့် နှစ်အလိုက်ဖွံ့ဖြိုးတိုးတက်မှုများ၊ သုတေသနပြုလုပ်ဆောင်ရွက်ခဲ့မှုများနှင့် လူသားအကျိုးပြုဆောင်ရွက်ချက်များကြောင့် ပြည်တွင်းပြည်ပမှ ချီးမြှင့်ခြင်းခံခဲ့ရသည့် ဆုတံဆိပ်များကို လိုက်လံရှင်းလင်းပြသပြီး **စာမျက်နှာ ၁၆ ကော်လံ ၁** ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Zhongyue Aviation UAV Firefighting–Drone Co.,Ltd. မှ ထုတ်လုပ်ထားသော လူမှုကယ်ဆယ်ရေးလုပ်ငန်းများတွင်အသုံးပြုသည့် အဆင့်မြင့်ဒရုန်းများခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုလေ့လာစဉ်။




## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၉ ရက်)

# ပိုမိုကောင်းမွန်သည့်အသိုက်အဝန်းဆီသို့

မဟာမဲခေါင်ဒေသခွဲစီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (Greater Mekong Subregion–GMS Economic Cooperation Program) ကို ၁၉၉၂ ခုနှစ်မှစတင်ခဲ့ခြင်းဖြစ်ပြီး ဆယ်စုနှစ် သုံးခု ကျော်အောင်မြင်စွာရပ်တည်လျက်ရှိသည့်အစီအစဉ်တစ်ခုဖြစ်သည်။ ဂျီအမ်အက်စ်အစီအစဉ်အရထိပ်သီး အစည်းအဝေးများကို မဟာမဲခေါင်ဒေသခွဲအစီအစဉ်၏(၁၀)နှစ်ပြည့်မြောက်သည့် ၂၀၀၂ ခုနှစ်မှ စတင်၍ သုံးနှစ်လျှင်တစ်ကြိမ် မဟာမဲခေါင်ဒေသခွဲခြောက်နိုင်ငံမှ အက္ခရာစဉ်အလိုက်အိမ်ရှင်နိုင်ငံအဖြစ်လက်ခံ ကျင်းပလျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် စတုတ္ထအကြိမ်မဟာမဲခေါင်ဒေသခွဲထိပ်သီးအစည်းအဝေး ကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်နေ့နှင့် ၂၀ ရက်နေ့တို့တွင် အိမ်ရှင်နိုင်ငံအဖြစ် နေပြည်တော်၌ လက်ခံကျင်းပခဲ့သည်။ ထိပ်သီးအစည်းအဝေးများတွင် အနာဂတ်ကာလဒေသခွဲဖွံ့ဖြိုးရေးနှင့်စပ်လျဉ်း သည့် မျှော်မှန်းချက်များပြည့်မီအောင်မြင်စေရေးဆိုင်ရာ ကတိကဝတ်များပြုကြပြီး နိုင်ငံ့ခေါင်းဆောင် များ၏ အရေးပါသောပူးတွဲကြေညာချက်ကို ထုတ်ပြန်လေ့ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သည် နိုဝင်ဘာလ ၇ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ ဟိုင်ဂန်ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသည့် အဋ္ဌမအကြိမ်မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး (8th Greater Mekong Subregion Summit) သို့ ပါဝင်တက်ရောက်ခဲ့သည်။ အဆိုပါအစည်းအဝေးပထမအပိုင်းဖြစ်သည့် နိုင်ငံ့ခေါင်းဆောင် များသီးသန့်အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားစဉ် **"တစ်ချိန်တည်းမှာပဲ တီထွင်ဆန်းသစ်မှုများဟာ မိမိနိုင်ငံရဲ့ ရေမြေသဘာဝ၊ ပထဝီအနေအထားတွေနဲ့ ကိုက်ညီဖို့လိုတဲ့အပြင် အစိုးရ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ ပုဂ္ဂလိကနဲ့ဒေသန္တရ အစိုးရများအပြင် အသိပညာရှင် အတတ်ပညာရှင်တွေ၊ စွန့်ဦးတီထွင်သူတွေနဲ့ စီးပွားရေးလုပ်ငန်းရှင် များကပါ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်"** ဟူ၍ ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတစ်နိုင်ငံ၏စီးပွားရေးနှင့်လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအတွက် နည်းပညာနှင့်သုတေသနတီထွင်မှု များမှာ များစွာအထောက်အကူပြုသည်။လျင်မြန်စွာပြောင်းလဲနေသည့် ကမ္ဘာ့စီးပွားရေးတွင် ဆန်းသစ် တီထွင်မှုကိုအားပေးသည့်နိုင်ငံများ၊ ဒေသများအနေဖြင့် စီးပွားရေးတိုးတက်မှုကိုမြှင့်တင်နိုင်ပြီး အလုပ် အကိုင်များဖန်တီးပေးနိုင်ခြင်း၊ ယှဉ်ပြိုင်နိုင်စွမ်းကိုမြှင့်တင်လာနိုင်ခြင်း စသည့်လူမှုဘဝအရည်အသွေးများ ကိုမြှင့်တင်ပေးနိုင်သည်။ ထို့ကြောင့်စီးပွားရေးလုပ်ငန်းရှင်များကပါ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်သည်။ အခြားတစ်ဖက်တွင်လည်း အရင်းအမြစ်များရရှိနိုင်မှုသည် အလွန်ပင်အရေးကြီးသည်။ ဆန်းသစ်တီထွင်မှုရန်ပုံငွေအတွက် သုတေသနနှင့်ဖွံ့ဖြိုးမှုသည် မရှိမဖြစ်လိုအပ်သည့်အရင်းအမြစ်ဖြစ် သကဲ့သို့ ဆန်းသစ်တီထွင်မှုရန်ပုံငွေအတွက် အစိုးရ၊ ပုဂ္ဂလိကနှင့်ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှု၊ ဖွံ့ဖြိုးမှု မိတ်ဖက်များ၏ပံ့ပိုးမှုစသည့်နယ်ပယ်ပေါင်းစုံက အရင်းအမြစ်များနှင့်ပေါင်းစည်းပြီးဆောင်ရွက်မှသာ ပြည့်စုံနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် အမျိုးသားသိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုကောင်စီကို ဖွဲ့စည်းထားပြီး ဆန်းသစ်တီထွင်မှုဆိုင်ရာလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိသည်။ စိုက်ပျိုးရေးကိုအခြေခံသည့်နိုင်ငံများ နှင့်ဖွဲ့စည်းထားသည့် ဂျီအမ်အက်စ်ဒေသခွဲအနေဖြင့် စိုက်ပျိုးစီးပွားပိုမိုတိုးတက်ထွန်းကားလာရန်နှင့် စားနပ်ရိက္ခာဖူလုံရန်အတွက် ဆန်းသစ်တီထွင်မှုနှင့်အရှိန်မြှင့်တင်ရမည်ပင်ဖြစ်သည်။ ဂျီအမ်အက်စ်အစီအစဉ် ၏ ကဏ္ဍအားလုံးကို ဆန်းသစ်တီထွင်မှုမဟာဗျူဟာနှင့် ချိတ်ဆက်ဆောင်ရွက်ရန်အရေးကြီးလှသည်။ မဟာဗျူဟာအရ အထူးသဖြင့်စိုက်ပျိုးရေး၊ခရီးသွားလုပ်ငန်း၊ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုကဏ္ဍတို့ ကို ဦးစားပေးဆောင်ရွက်သွားမည်ဆိုသည့် လုပ်ငန်းစဉ်ကလည်း ဒေသတွင်းလိုအပ်ချက်အရ များစွာ သင့်တော်သည်။

အဆိုပါကဏ္ဍများအပြင် ကျန်ရှိနေသည့် စွမ်းအင်၊ ကျန်းမာရေး၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့်ပို့ဆောင် ရေးကဏ္ဍတို့တွင် ဆက်လက်ဆောင်ရွက်သွားရန် ပြင်ဆင်ထားကြရမည်ဖြစ်သည်။ အထူးသဖြင့် ကျန်းမာရေးကဏ္ဍတွင်နည်းပညာအသစ်များဖြင့် ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှု၊ ကျန်းမာရေးနှင့် လူသားအရင်းအမြစ်ချိတ်ဆက်မှု၊ ဆေးပညာဆိုင်ရာတက္ကသိုလ်အဆင့်ချိတ်ဆက်မှုများမှတစ်ဆင့် ကုသမှုနည်းပညာများပေါင်းစည်းဆောင်ရွက်ခြင်း၊ အဆင့်မြင့်ကုသနည်းဖော်ထုတ်ခြင်းများကို ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထို့ပြင်နည်းပညာလွှဲပြောင်းမှုစင်တာများနှင့် အသိပညာဖြန့်ဝေရေး စင်တာများမှတစ်ဆင့် ချိတ်ဆက်ဆောင်ရွက်ကြရမည်ဖြစ်သည်။

ယနေ့ခေတ်ကာလတွင်ကမ္ဘာ့နိုင်ငံများအတွက် စိန်ခေါ်မှုအဖြစ်ရင်ဆိုင်နေကြရသည့် ရာသီဥတုပြောင်းလဲမှု၊ စားရေရိက္ခာဖူလုံမှု၊ သဘာဝဘေးအန္တရာယ်၊ ငွေကြေးဖောင်းပွမှု၊ ကမ္ဘာ့ကျန်းမာရေးအကျပ်အတည်း၊ စွမ်းအင်ဈေးနှုန်းမြင့်တက်လာမှု၊ ရွှေ့ပြောင်းလုပ်သားနှင့်စီးပွားရေးမညီမျှမှုစသည့်စိန်ခေါ်မှုများသည် အပြန်အလှန်ဆက်နွှယ်နေကြခြင်းဖြစ်သည်။ အဆိုပါစိန်ခေါ်မှုများကို ညှိနှိုင်းပေါင်းစပ်မှုနှင့်ဘက်စုံ ချဉ်းကပ်ဆောင်ရွက်မည့်နည်းလမ်းများလိုအပ်သည်။ မဟာမဲခေါင်ဒေသခွဲနိုင်ငံများအနေဖြင့် အရင်းအမြစ် များကို ပေါင်းစည်းအသုံးပြုခြင်း၊ အသိပညာမျှဝေခြင်းနှင့် မူဝါဒများကိုလိုအပ်သလို ချိန်ညှိဆောင်ရွက်ခြင်း ဖြင့် ဂျီအမ်အက်စ်ဒေသ၏ ခံနိုင်ရည်ရှိမှုနှင့်ရေရှည်တည်တံ့မှုကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ အနှစ်ချုပ် ဆိုရသော် ဆန်းသစ်တီထွင်မှုမှသည် **ပိုမိုကောင်းမွန်သည့် အသိုက်အဝန်းဆီသို့** ပူးပေါင်းဆောင်ရွက်ကြရန်ဖြစ် ပါကြောင်း ရေးသားလိုက်ရပေသည်။ ။




## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင် ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေး နိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက် မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန် ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူ အား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာ ရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၉-၁၁-၂၀၂၄(စနေနေ့)

၁။ ၇:၁၀ ဓမ္မပူဇာတေး
၂။ ၇:၃၀ မျိုးချစ်တပ်မတော်
၃။ ၈:၀၅ အမျိုးသားရေးတေးကဗျာ
၄။ ၈:၃၀ ခရီးလည်းသွားစကားလည်းဆို
၅။ ၉:၃၀ အမှတ်တရနေ့ရက်များ
၆။ ၁၁:၂၅ ပြည်သူ့ကြားက ပြည်သူ့စကား
၇။ ၁၁:၃၀ တစ်ပတ်အတွင်း အားကစားသတင်း
၈။ ၁၂:၁၀ မြန်မာသံစဉ်ချိုနားဝင်
၉။ ၁၆:၅၅ ရှေးဟောင်းသုတ
၁၀။ ၁၇:၁၀ အင်္ဂလိပ်စာသုတ
၁၁။ ၁၈:၃၀ ပြည်သူ့ကြားက ပြည်သူ့စကား
၁၂။ ၁၉:၀၀ **ရုပ်မြင်သံကြားဇာတ်လမ်း**
**ဂုဏ်ကြီးရှင်မမ(ပထမပိုင်း)**
**သရုပ်ဆောင် ရဲအောင်၊**
**စိုးမြတ်သူဇာ**
**ဒါရိုက်တာ မောင်နီလွင် (သပြု)**


မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# သံလွင်မြစ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ခွန်စံလွင် ငါးမျိုးစိုက်ထည့်၊ တောင်သူများထံ မြေသြဇာများထောက်ပံ့ပေးအပ်



နေပြည်တော် နိုဝင်ဘာ ၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ခွန်စံလွင်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်၊ ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦး၊ ဒုတိယဝန်ကြီးဦးဇော်အေးမောင်နှင့်ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့နယ်တရုတ်လှကျေးရွာ တရုတ်လှ လျှပ်စစ်မြစ်ရေတင်၌ သံလွင်မြစ်အတွင်း ငါးမျိုးစိုက် ထည့် ခြင်းအခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်းရှိဘားအံငါးလုပ်ငန်းစခန်းနှင့် ကျုံဒိုးငါးလုပ်ငန်းစခန်းတို့မှ (၂)လက်မအရွယ် ငါးသားပေါက်ကောင်ရေ ၁၃ သိန်းကိုထုတ် လုပ်ပြီး ၅ ဒသမ ၂ သိန်းကို သဘာဝမြစ်ချောင်းများအတွင်း ငါးမျိုးစိုက်ထည့်သွားရန် လျာထားဆောင်ရွက်ခဲ့ရာ ယခုအခါ ငါးသားပေါက်ကောင်ရေ ခုနစ်သိန်းကို ငါးမျိုးစိုက်ထည့်ပေးခဲ့ပြီးဖြစ်ကာ ယနေ့တွင် ငါးသားပေါက်ကောင်ရေ တစ်သိန်းကို ငါးမျိုးစိုက်ထည့်မည်ဖြစ်သည့်အတွက် ယခုနှစ်လျာထားချက်အပေါ် ရာနှုန်းပြည့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း ငါးမျိုးစိုက်ထည့်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့်အဖွဲ့သည် လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာနေ ပြည်သူများနှင့်အတူ ငါးမြစ်ချင်းကောင်ရေငါးသောင်း၊ ငါးခုံးမကြီးကောင်ရေ ငါးသောင်း စုစုပေါင်း ကောင်ရေတစ်သိန်းကို သံလွင်မြစ်အတွင်း ငါးမျိုးစိုက်ထည့်ပေးခဲ့ကြပြီး တရုတ်လှ လျှပ်စစ်မြစ်ရေတင်လုပ်ငန်း 37 KW Motor ၄ စုံဖြင့် သံလွင်မြစ်မှရေကိုစုပ်တင်၍ စိုက်ပျိုးရေပေးဝေနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ ဘားအံမြို့နယ်နောင်ခရိုင်ကျေးရွာ၌ ကျင်းပသည့် မိုးစပါးစိုက်ခင်းများအား သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာအချိုးကျ ရောစပ်စုပေါင်းကြဲပက်ခြင်းကွင်းသရုပ်ပြပွဲနှင့်မြေသြဇာများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားသို့တက်ရောက်ကြပြီး နောင်ခရိုင်၊ ထောင်ဝိ၊ ကော့လှိုက်၊ ကော့သင်းရှူး၊ ရဲသာ(ကမော့ကစင်)၊ ကော့ထမလိန်း၊ တော်ပုံ၊ လှိုင်ကမ္ဘာကျေးရွာတို့မှ တောင်သူများနှင့်တွေ့ဆုံ၍ တောင်သူများကို ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာ စုစုပေါင်း အိတ် ၃၀၀ ကို ထောက်ပံ့ပေးအပ်ကြပြီး တောင်သူများ၏ မိုးစပါးစိုက်ခင်းများအတွင်း သဘာဝမြေသြဇာနှင့်ဓာတ်မြေသြဇာများအချိုးကျရောစပ်စုပေါင်းကြဲပက်ခြင်းကွင်းသရုပ်ပြပွဲကို ကြည့်ရှုအားပေးကြကာ တက်ရောက်လာသော ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြသည်။

အလားတူ နိုဝင်ဘာလ ၇ ရက် မွန်းလွဲပိုင်းက ဘားအံမြို့ ကရင်ကျောင်းသားများရိပ်သာရှေ့ရှိဘောလုံးကွင်း၌ (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ရိုးရာလက်ဝှေ့ပြိုင်ပွဲ စာချုပ်စိန်ခေါ်ပွဲများယှဉ်ပြိုင်ထိုးသတ်နေမှုများကို ကြည့်ရှုအားပေး၍ ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်ခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က စာချုပ်စိန်ခေါ်ပွဲ ခေါင်းပွဲစဉ်အဖြစ် ရန်နိုင်ထွန်း(ဖွဲ့ကပင်မြေ)နှင့် အောင်ခိုင် (ဘိလပ်မြေစက်ရုံ)တို့၏ သရေရလဒ် ထွက်ပေါ်မှုကို တစ်ဦးလျှင် ငွေကျပ်သိန်း ၅၀ စီ ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် ဘားအံမြို့ သီရိကွင်း၌ (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ဒုံးအကပြိုင်ပွဲတတိယညအနေဖြင့် ဒုံးအဖွဲ့ကိုးဖွဲ့တို့၏ မြူးကြွသွက်လက်မြိုင်ဆိုင်စွာ ကပြယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က ဒုံးအဖွဲ့များအတွက် ငွေကျပ် ၁၀ သိန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်က ၁၀ သိန်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ၁၀သိန်း၊ ဒုတိယဝန်ကြီးဦးဇော်အေးမောင်က ကိုးသိန်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းရောက်ရှိ



နေပြည်တော် နိုဝင်ဘာ ၈

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Dongfeng Motor Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် DONGFENG EX1 NANO BOX နှင့် FAW TOYOTA bZ3 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**




# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်း အားကစားနည်း ငါးမျိုး ဝင်ရောက်ယှဉ်ပြိုင်မည်

နေပြည်တော် နိုဝင်ဘာ ၈

နေပြည်တော်တွင် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၉ ရက်မှ ၂၀ ရက်အထိ ကျင်းပမည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် အားကစားနည်း ငါးမျိုး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်းများမှာ ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ဂေါက်သီးနှင့် ပြေးခုန်ပစ်အားကစားနည်းများဖြစ်ကြောင်း သိရသည်။

ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်းငါးမျိုးတွင် နည်းပြ၊ အုပ်ချုပ်သူနှင့် အားကစားသမား စုစုပေါင်း ၆၉ ဦးပါဝင်မည်ဖြစ်သည်။ ယခုကျင်းပမည့် ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်တွင် ဝန်ကြီးဌာနအဆင့် အားကစားနည်းခြောက်မျိုး၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အားကစားနည်း ၂၃ မျိုးနှင့် မသန်စွမ်းအားကစားသမားများအတွက် အားကစားနည်းလေးမျိုး ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြစ်ကိုအလျားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်



**ယမန်နေ့မှအဆက်**

**တတိယနှစ် ဆယ်တန်းကျောင်းသား**

ရာသီသဘာဝက ဖူးပုရစ်တို့ မြူးလှစ်ထိန်ဝေ အလှနွေဖြစ်နေခဲ့ချေပြီ။ ရိုးတံပြိုင်းပြိုင်း၊ နွေသစ်ကိုင်းလည်း၊ ပင်တိုင်းဆင့်ဆင့်၊ ဖူးတံဝင့်လို့ နွေဂုဏ်ဖွင့်ကြပေ့၊။

သရက်တောင်ရွာက ရှစ်တန်းကျောင်းသားတွေ စာမေးပွဲဖြေအပြီးတွင် ကျွန်တော့်မှာ (တတိယအကြိမ်) အခြေခံပညာအထက်တန်းစာမေးပွဲဖြေရန် အနီးကပ်စီစဉ်ရတော့သည်။ ကျွန်တော် ဆယ်တန်းစာမေးပွဲဖြေရန်အတွက် ဒီတစ်ခါတော့ မိမိပညာဆည်းပူးခဲ့သော ကျောက်ဖြူစာဖြေဌာနကိုပဲ လျှောက်ထားလိုက်သည်။ စာမေးပွဲစစ်ရန် သီတင်းတစ်ပတ်အလိုလောက်ကပင် ကျောက်ဖြူမြို့သို့ထွက်မည့် မော်တော်ကို ကျွန်တော်စုံစမ်းခဲ့သည်။ မရပါ။ ပတ်ဝန်းကျင်ရွာများသို့ပါ မေးမြန်းကြည့်သည်။ တစ်စုံတစ်ရာ သတင်းမကြားရ။ ကျွန်တော် နေ့ပေါင်းများစွာ၊ လပေါင်းများစွာ လေ့လာခဲ့သော၊ ကျက်မှတ်ခဲ့သောသင်ခန်းစာများကို စာမေးပွဲမဖြေရလျှင် အဘယ်မှာလျှင် အဓိပ္ပာယ်ရှိတော့မည်နည်း။ ဘဝ၏အခက်အခဲကြီးတစ်ခုက ကျွန်တော့်ခေါင်းပေါ်သို့ ရောက်နေခဲ့ပြန်လေပြီ။

မနက်ဖြန်ဆို ဆယ်တန်းစာမေးပွဲတွေ စဖြေရတော့မည်။ ကျွန်တော်ကား ကျောက်ဖြူမြို့သို့ မရောက်သေး။ ကျွန်တော် ရွှေရင်မီးတောက်ရပါပြီ။ ဘယ်လိုမှ မတတ်နိုင်။ လှေလေးနှင့် လှော်သွားလို့လည်းမရ၊ ချောင်းအတန်တန်၊ မြစ်အတန်တန်နှင့် မြစ်ဝကျယ်ကြီးတွေကို အခါခါဖြတ်ကျော်ရမည်။ ကျွန်တော့်ဘဝမွေးဇာတာက ပြဿဒါးခပ်များများနှင့် ဖွဲ့ယှက်မွေးဖွားခဲ့လေရော့သလား၊ ကျွန်တော့်ရင်မှာ သောကတောင်ထု မြင့်တက်နေခဲ့ပြန်လေပြီ။

သူငယ်ချင်း ဘညွန့်

ဒီနေ့ ညနေ ၆ နာရီမှာ တို့ရွာက ကျောက်ဖြူမြို့ကို ကုန်သွယ်လယ်ယာစပါးပို့မယ့် မော်တော်တစ်စင်း ရှိတယ်။ အမြန်လိုက်လာပါ။

မောင်မောင်ထွန်း၊ ကမ်းထောင်းကြီးရွာ။

ကျွန်တော် အတိုင်းမသိဝမ်းသာသွားသည်။ ပြင်ဆင်ထုပ်ပိုးပြီးထားသော ပစ္စည်းများကိုဆွဲပြီး ဆွေမျိုးတစ်ယောက်ကို လှေလေးတစ်စင်းနှင့် ကမ်းထောင်းကြီးသို့ ပို့ခိုင်းလိုက်သည်။ ကုန်သွယ်လယ်ယာကွင်းဒိုင်ဆိပ်ကမ်းသို့အရောက်တွင် မော်တော်ကို လှမ်းကြည့်လိုက်သည်။ မော်တော်တွင် စပါးအပြည့် ထည့်ထားပြီးဖြစ်သည်။ ကျွန်တော် မော်တော်ပေါ် လှမ်းတက်လိုက်၏။ စက်လှေတာဝန်ခံကို အကျိုးအကြောင်းပြောပြပြီး မေတ္တာရပ်ခံကာ လိုက်ပါခွင့်တောင်း၏။ စာမေးပွဲကိစ္စဆိုတော့ တာဝန်ခံ ပုဂ္ဂိုလ်ကလည်း အလွယ်တကူပဲ ခွင့်ပြုလိုက်သည်။ ကျွန်တော် မော်တော်ပေါ်သို့ရောက်ချိန်တွင် ကမ်းထောင်းကြီးရွာသား ဈေးဆိုင်ရှင်သုံးယောက်လည်း မော်တော်ပေါ်ရောက်နေကြပေပြီ။ သူတို့မှာ ကျောက်ဖြူမြို့သို့ ရောင်းကုန်ပစ္စည်းအဝယ်လိုက်ကြသည်ဟု ယူဆကြရပေသည်။

ကုန်သွယ်လယ်ယာ စပါးသယ်စက်လှေကြီးမှာ ညနေ ၆ နာရီတိတိတွင် ကမ်းထောင်းကြီးဆိပ်ကမ်းမှ ထွက်ခွာလာသည်။ ပေါက်တူးတောင်မြစ်၊ ငန်းတောင်မြစ်တို့ကိုစုန်ဆင်းပြီး မြေပုံမြို့နယ်၏ အနားသတ်ကျောက်ဖျာသောင်မော်ကြီးကိုလှည့်ကာ နောင်တော်ကြီးပင်လယ်ကို ဖြတ်သန်းမောင်းနှင်လိုက်ပေပြီ။ အပြောကျယ်လှသော ပင်လယ်ရေပြင်ကြီးမှာ လှိုင်းသရမ်းများကို အမြဲသယ်ဆောင်ထားတတ်ပေရာ စပါးသယ်လှေကြီးကို လှိုင်းဆိုးကြီးများကြောင့် ခပ်ပြင်းပြင်းလှုပ်ခါစေ၏။ ညမှောင်မှောင်ထဲတွင်မို့ မည်သည့်နေရာကိုမျှ သဲသဲကွဲကွဲမမြင်ရ။ လှိုင်းလုံးကြီးတွေကတော့ စက်လှေကြီးကို တဗုန်းဗုန်းရိုက်ခတ်ကြသည်။

ကျွန်တော် ရွာဆိပ်ကမ်းမှထွက်ခွာလာတုန်းက စက်ခန်းဝတွင် တွဲလောင်းဆွဲပြီး ထွန်းညှိထားသော လက်ဆွဲမှန်အိမ်နားတွင်ထိုင်ပြီး စာကြည့်လာ၏။ ခုတော့ ကျွန်တော်၏စာကြည့်ခြင်းကို လှိုင်းသရမ်းတွေက မနာလိုစွာ တားဆီးလိုက်ကြပေပြီ။ ကျွန်တော် စာအုပ်ထုပ်လေးကို ခေါင်းအုံးပြီး ခွေခွေလေး အိပ်လိုက်၏။ မော်တော်တစ်စင်းလုံးတွင် စက်သံ၊ လှိုင်းရိုက်သံမှအပ တခြားမည်သည့်အသံကိုမျှ မကြားရ၊ လှေသားတွေကတော့ သူ့နေရာနှင့်သူ နေရာယူပြီး အသင့်အနေအထားနှင့် တာဝန်ထမ်းဆောင်နေကြ၏။ ညတောင် အတော်နက်နေပေပြီ။

"ဒိန်း တဒိန်း ဒိန်း ဒိန်း"

"ဟင် ဘာဖြစ်တာလဲ"

"စက်လှေ သောင်တင်သွားပြီ"

ကျွန်တော် နဖူးပြင်ကို လက်ဝါးဖြင့် ခပ်ပြင်းပြင်း ရိုက်ထည့်ပစ်လိုက်သည်။

"မနက်ဖြန် ၉ နာရီ စာမေးပွဲ စဖြေရမယ်"

"မနက်ဖြန် ၉ နာရီ စာမေးပွဲ စဖြေရမယ်"

"မနက်ဖြန် ၉ နာရီ စာမေးပွဲ စဖြေရမယ်"

စာမေးပွဲအတွက် သတိပေးသံသည် ရင်ဘတ်ထဲတွင် ထပ်ခါထပ်ခါမြည်ဟည်းနေပေ၏။ ကျွန်တော် မည်သို့လုပ်ရပ့်။ တစ်ပူပေါ် နှစ်ပူဆင့်ခဲ့ပြန်လေပြီထင့်။ မော်တော်ပဲ့ကိုင်သည် စက်လှေသောင်ကျနိုင်ရေးအတွက် စက်အားကို တင်လိုက်၊ ချလိုက်နှင့် အကြိမ်ကြိမ်လုပ်ကြည့်သည်။ မရပါ။ ခုတော့ စက်ကို လုံးဝရပ်ထားလိုက်ပေပြီ။

"မရတော့ဘူးဗျ၊ ရေကျနဲ့တင်တာဆိုတော့ မလွယ်ဘူး၊ ရေပြန်တက်လို့ မော်တော်ကြွတက်လာမှ ဆက်မောင်းရမှာ"

"စက်လှေက ဘယ်အချိန်ပေါ်လာမှာလဲဗျာ"

ကျွန်တော် စိုးရိမ်စိတ် ငယ်ထိပ်တက်နေပေပြီ။

"ခု လဆန်း ၁၁ ရက်ဆိုတော့ ရေက မနက်ပြည့်ညနေပြည့်ပဲ၊ မနက် ၅ နာရီလောက်မှာ ရေပေါ်နိုင်ပါတယ်"

မော်တော် သောင်တင်သွားသည်ဆိုသော်လည်း မော်တော်အောက်တွင် ရေတစ်ပေါက်မျှ မကျန်လောက်အောင် ခြောက်ခန်းသွားသည်တော့ မဟုတ်ပေ။ လောင်းလှေများ သွားလို့လာလို့ရနိုင်သည့် ရေအနက်ကတော့ ရှိနေသေးသည်။ ထိုစဉ် ကမ်းထောင်းကြီးရွာမှ လိုက်ပါလာကြသည့် ဈေးဆိုင်ရှင် ကုန်သည်ကြီးသုံးဦးသည် မော်တော်ဝမ်းဗိုက်တွင် တောင်ပုံယာပုံဖြစ်နေသော စပါးပုံကြီးကို ဟိုနားတစ်ယောက် ဒီနားတစ်ယောက် တသောသော ယက်နေကြတော့သည်။ ကျွန်တော့်မှာ အထူးအဆန်းမြင်ကွင်းတစ်ခုကြောင့် အာရုံစူးစိုက်ကြည့်နေမိသည်။

**ဆက်လက်ဖော်ပြပါမည်။**

## ဆိပ်ဖြူမြို့နယ်၌ စိုက်ပျိုးထားသော ဆီထွက်သီးနှံဆောင်းနေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

ဆိပ်ဖြူ နိုဝင်ဘာ ၈

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ ယခုနှစ်တွင်စိုက်ပျိုးထားသော ဆီထွက်သီးနှံဆောင်းနေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေကြောင်း ဆိပ်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ်တွင် ဆိပ်ဖြူမြို့နယ်၌ ဆောင်းနေကြာစိုက်ပျိုးရန် လျာထားဧက ၇၅၈၅ ဧကရှိသည့်အနက် ၃၆၅၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ ဆိပ်ဖြူမြို့နယ်၌ ဆီထွက်သီးနှံ ဆောင်းနေကြာစိုက်ပျိုးရာတွင် အောင်မြင်ဖြစ်ထွန်းကြောင်း သိရသည်။



ဆိပ်ဖြူမြို့နယ်၌ ဆောင်းဆီထွက်သီးနှံ မြေပဲ ၂၁၈၂ ဧက၊ နှမ်း ၂၅၄၃ ဧက၊ နေကြာ ၇၅၈၅ ဧက စုစုပေါင်း ဧက ၁၂၃၁၀ ပြည့်မီရေးဆောင်ရွက်လျက်ရှိပြီး စိုက်ပျိုးပြီးဆီထွက်သီးနှံများမှာ မြေပဲ ၁၄၈၆ ဧက၊ နှမ်း ၃၆၈၁ ဧက၊ နေကြာ ၃၆၅၂ ဧက စုစုပေါင်း ၈၈၁၉ ဧက ဖြစ်ကြောင်း၊ ဆောင်းနေကြာစိုက်ဧကပြည့်မီစေရေး၊ သီးနှံအထွက်နှုန်းကောင်းမွန်စေရေးအတွက် စိုက်ပျိုးရေးနည်းပညာပေးလုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကွင်းတာဝန်ခံများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **စိုးလင်းနိုင် (IPRD)**

## ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးကြင်းပိဿာ ၇၀၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့

ဝါးခယ်မ နိုဝင်ဘာ ၈

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးကြင်းပိဿာ ၇၀၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဝါးခယ်မမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ဝင်းငွေး၏ပြောဆိုချက်အရ သိရသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလ ၁ ရက်မှ ၃၀ ရက်အထိ တစ်လတာကာလအတွင်း ငါးကြင်းပိဿာ ၇၀၀၀၀ အထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးကြင်းများကို ရန်ကုန်ဈေးကွက်မှ ဝယ်လိုအားကောင်းလာခြင်းကြောင့် တင်ပို့အားတက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"လက်ရှိ ငါးကြင်းဈေးကလည်း မဆိုးပါဘူး။ ဒီဘက်ပွဲရုံတွေကို ငါးကြင်းအဝင်နည်းနေတာရယ်၊ ရန်ကုန်ဈေးကွက်က ငါးကြင်းတွေ အဝယ်လိုက်နေတာရယ်ကြောင့် တင်ပို့အားတက်လာတာပါ။ ရန်ကုန်ဈေးကွက်ကနေ ငါးတွေဝယ်လိုအားတက်လာပေမယ့် ဈေးကတော့ အများကြီးမြင့်တက်သွားတာ မရှိပါဘူး" ဟု ဒေါ်ဝင်းငွေးကပြောသည်။

ဝါးခယ်မမြို့နယ်၌ ဒေသထွက် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံလုပ်ငန်းလုပ်ကိုင်သူများသည် ရေထွက်ကုန်များကို ဝယ်ယူပြီး ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချပြီး ယင်းမှတစ်ဆင့် တခြားဒေသများသို့ ဆက်လက်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။ **သုတကျော်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံချင့်မြို့သို့ရောက်ရှိ၊ ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများအား သွားရောက်တွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား တရုတ်ကွန်မြူနစ်ပါတီ၊ အမြဲတမ်းကော်မတီအဖွဲ့ဝင် Mr. Yang Yalin နှင့် တာဝန်ရှိသူများ၊ တရုတ်ရိုးရာယဉ်ကျေးမှုအဖွဲ့များက ကူမင်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ ကျင်းပခဲ့သည့် အဋ္ဌမအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲထိပ်သီးအစည်းအဝေး 8th Greater Mekong Subregion(GMS) အပါအဝင် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာလ ၇ ရက်ညနေပိုင်းတွင် ကူမင်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ချုံချင့်မြို့သို့ထွက်ခွာရာ တရုတ်ကွန်မြူနစ်ပါတီ၊ အမြဲတမ်းကော်မတီအဖွဲ့ဝင် Mr. Yang Yalin နှင့် တာဝန်ရှိသူများ၊ တရုတ်ရိုးရာယဉ်ကျေးမှုအဖွဲ့များက နှစ်နိုင်ငံအလံများ ဝှေ့ယမ်း၍ ရိုးရာယဉ်ကျေးမှုအကအလှများ ကပြကာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ညပိုင်းတွင် ချုံချင့်မြို့၊ ကျန်းပေအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ ချုံချင့်မြို့၊ ဒုတိယမြို့တော်ဝန် Mr. Shang Kui နှင့် အဖွဲ့ဝင်များ၊ ချုံချင့်မြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးကျော်ဇေယျာလင်းနှင့် တာဝန်ရှိသူများက ပန်းစည်းကမ်း၍ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ချုံချင့်မြို့၊ ဒုတိယမြို့တော်ဝန် Mr. Shang Kui နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ချုံချင့်မြို့၊ ကျန်းပေ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြစဉ်။

ယင်းနောက် ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များ လိုက်ပါ၍ ချုံချင့်မြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများနှင့် ပညာတော်သင် သင်တန်းသားများအား သွားရောက်တွေ့ဆုံအမှာစကား ပြောကြားသည်။ ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကောင်စစ်ဝန်ချုပ်ရုံးခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများနှင့် ပညာတော်သင် သင်တန်းသားများအားတွေ့ဆုံရာ ကောင်စစ်ဝန်ချုပ်က စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြားနယ်ပယ်ပေါင်းစုံတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကောင်စစ်ဝန်ချုပ်ရုံးတွင် နိုင်ငံ့တာဝန်ထမ်းဆောင်နေသူများအနေဖြင့် သံတမန်ရေးရာဆိုင်ရာ ဆက်ဆံရေးသာမက အခြားကဏ္ဍများ၌လည်း အောင်မြင်အောင် ဆောင်ရွက်သွားနိုင်ကြရန်လိုကြောင်း၊ **စာမျက်နှာ ၆ သို့ ▸▸**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ချုံချင့်မြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများနှင့် ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**❖ ကောင်စစ်ဝန်ချုပ်ရုံးတွင် နိုင်ငံ့တာဝန်ထမ်းဆောင်နေသူများအနေဖြင့် သံတမန်ရေးရာဆိုင်ရာ ဆက်ဆံရေးသာမက အခြားကဏ္ဍများ၌လည်း အောင်မြင်အောင် ဆောင်ရွက်သွားနိုင်ကြရန်လို၊ နှစ်နိုင်ငံအကြား အကျိုးတူစီးပွားရေးလုပ်ငန်းများ၊ ပို့ကုန်သွင်းကုန်လုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အခွင့်အလမ်းများဖော်ဆောင်ပေးနိုင်ရမည်ဖြစ် . . .**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကောင်စစ်ဝန်ချုပ်ရုံးခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

▸▸ **စာမျက်နှာ ၅ မှအဆက်**

နှစ်နိုင်ငံအကြား အကျိုးတူစီးပွားရေးလုပ်ငန်းများ၊ ပို့ကုန်သွင်းကုန်လုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဆောင်ရွက်နိုင်ရန် အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ပါက ကူးလူးဆက်ဆံမှုများ ပိုမိုတိုးတက်လာမည်ဖြစ်ပြီး နှစ်နိုင်ငံပြည်သူများအတွက် အကျိုးစီးပွားကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံ့စီးပွားရေးကိုလည်း မြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်သည် လူသားအရင်းအမြစ်များ အများအပြားမွေးထုတ်ပေးနိုင်ခြင်းပင်ဖြစ်သည့်အတွက် ပညာရေးမြှင့်တင်မှုအခန်းကဏ္ဍအတွက်လည်း သံတမန်ဝန်ထမ်းများအနေဖြင့် ဖော်ဆောင်ပေးကြရမည်ဖြစ်ကြောင်း၊ တာဝန်များကိုထမ်းဆောင်ရာတွင် မိမိကိုယ်ကို ထိန်းထိန်းသိမ်းသိမ်းနေထိုင်ခြင်း၊ လုပ်ငန်းတာဝန်များကိုကျေပွန်အောင်ဆောင်ရွက်ခြင်း၊ ဆက်ဆံရေးကောင်းမွန်ခြင်းတို့ဖြင့် မိမိတို့နိုင်ငံ၏ဂုဏ်ကိုလည်း မြှင့်တင်ဆောင်ရွက်သွားရန်လိုကြောင်း၊ မြန်မာ-တရုတ် ချစ်ကြည်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးတွင်အဓိကအထောက်အကူပြုသည့်နေရာတစ်ခုအဖြစ်ရောက်ရှိအောင် ဆောင်ရွက်ပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ပါစေကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများနှင့် ပညာတော်သင် သင်တန်းသားများအတွက် လက်ဆောင်ပစ္စည်းများနှင့် ချီးမြှင့်ထောက်ပံ့ငွေများကို ပေးအပ်ရာ ကောင်စစ်ဝန်ချုပ်နှင့် ပညာတော်သင်သင်တန်းသားတို့က လက်ခံရယူခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ချုံချင့်မြို့၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် အမှတ်တရ လက်မှတ်ရေးထိုးပေးပြီး ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများနှင့် ပညာတော်သင် သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကောင်စစ်ဝန်ချုပ်ရုံးဝန်ထမ်းမိသားစုများနှင့် ပညာတော်သင်သင်တန်းသားများအတွက် လက်ဆောင်ပစ္စည်းများနှင့် ချီးမြှင့်ထောက်ပံ့ငွေများကို ပေးအပ်စဉ်။

# ပုသိမ်ခရိုင်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးခဲ့သော ဖူးစားပြောင်း ၁၀၇၈ ဧက ဆွတ်ခူးပြီးစီး

**ပုသိမ် နိုဝင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဖူးစားပြောင်း ၁၀၇၈ ဧက ဆွတ်ခူးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုး၏ပြောကြားချက်အရ သိရသည်။

ပုသိမ်ခရိုင်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီက ဖူးစားပြောင်း ၁၅၃၉ ဧက စိုက်ပျိုးခဲ့ပြီး ထိုသို့စိုက်ပျိုးခဲ့သော ဖူးစားပြောင်းများကို စက်တင်ဘာလ ပထမပတ်က စတင်ဆွတ်ခူးခဲ့ရာ ၁၀၇၈ ဧက ဆွတ်ခူးပြီးစီးပြီဖြစ်ကြောင်း၊ ထိုသို့ ဆွတ်ခူးခဲ့သော ဖူးစားပြောင်း တစ်ဧကလျှင် အဖူးရေ ၁၅၀၀၀ ခန့်ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီက ဖူးစားပြောင်း ၁၅၃၉ ဧကအထိ စိုက်ပျိုးခဲ့ပါတယ်။ ဖူးစားပြောင်းတွေ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးနည်း စနစ်နဲ့ တခြားလိုအပ်တဲ့ပံ့ပိုးမှုတွေကို စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ အရင်နှစ်တွေကထက် ဖူးစားပြောင်းတွေ အထွက်နှုန်းကောင်းပြီး အရည်အသွေးကောင်းစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ တောင်သူအသိပညာပေးလုပ်ငန်းတွေကို စနစ်တကျ ဆောင်ရွက်ပေးခဲ့ပါတယ်။ လက်ရှိမှာ ဖူးစားပြောင်း ၁၀၇၈ ဧက ဆွတ်ခူးပြီးစီးပြီဖြစ်ပါတယ်"ဟု ဦးဝင်းစိုးက ပြောသည်။

ပုသိမ်ခရိုင်တွင် ဖူးစားပြောင်း ၁၅၃၉ ဧကကို ပုသိမ်မြို့နယ်၌ ၂၉၉ ဧက၊ ကန်ကြီးထောင့်မြို့နယ်၌ ၂၁ ဧက၊ သာပေါင်းမြို့နယ်၌ ၄၆၃ ဧက၊ ငပုတောမြို့နယ်၌ ၇၅၆ ဧက စိုက်ပျိုးခဲ့ကြောင်း သိရသည်။

အဆိုပါဖူးစားပြောင်းများ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရန်၊ ပိုးမွှားအန္တရာယ်ကျရောက်မှုမရှိစေရန်၊ အထွက်နှုန်းကောင်းစေရန်နှင့် အရည်အသွေးကောင်းစေရန် စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူအသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သုတကျော်**

# ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရွှေစည်းခုံစေတီတော်ကြီး အထွေထွေပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်နိုင်ရန် ဘက်စုံလွှမ်းခြုံသောအစီအစဉ်ရေးဆွဲရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၈**

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရွှေစည်းခုံစေတီတော်ကြီး အထွေထွေပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရန် ဘက်စုံလွှမ်းခြုံသော အစီအစဉ်(Master Plan)ရေးဆွဲနိုင်ရေး တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိသာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန လောကနတ်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ အဆောက်အဦဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ အသိပညာရှင်များ၊ အတတ်ပညာရှင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများတက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ရွှေစည်းခုံစေတီတော်ကြီးသည် ရှေးဟောင်းလက်ရာကျန်ရှိမှုအဆင့် Grade 1 အဆင့်ဖြစ်ပြီး စေတီတော်ပရိဝုဏ်အတွင်းတွင် ပုဂံခေတ်ကာလကတည်းက ဘုရား၊ စေတီများ၊ ကျောက်စာအထောက်အထားများအပြင် ပုဂံခေတ်နောက်ပိုင်းကာလမှ ခေတ်အဆက်ဆက် လှူဒါန်းထားသည့် ခေါင်းလောင်းများ၊ ကျောက်သပိတ်များကို ယနေ့တိုင် တွေ့မြင်နိုင်ကြောင်း၊ ရွှေစည်းခုံစေတီတော်ကြီးအား မည်သည့်နေရာမှ ကြည့်ကြည့် မြင်ကွင်းတင့်တယ်သပ္ပာယ်စေရေး၊ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ရာတွင် အဆင်ပြေစေရေးအတွက် ဘက်စုံပြုပြင်ထိန်းသိမ်းခြင်းအစီအစဉ်(Master Plan)ရေးဆွဲဆောင်ရွက်သွားရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ခဲ့ကြောင်း။



သို့ပါ၍ Master Plan ရေးဆွဲရေးဦးဆောင်ကော်မတီ၊ လုပ်ငန်းကော်မတီနှင့်အထောက်အကူပြုကော်မတီများဖွဲ့စည်းထားပြီးဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ Master Plan ရေးဆွဲရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီးက Master Plan ရေးဆွဲရေးလုပ်ငန်းကော်မတီ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ မန္တလေးမြို့ ကုသိုလ်တော်ဘုရား ပြုပြင်ထိန်းသိမ်းဆောင်ရွက်ခဲ့မှု မှတ်တမ်းများနှင့်နှိုင်းယှဉ်၍ အကြံပြုဆွေးနွေးတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံဗိသုကာကောင်စီဥက္ကဋ္ဌက Master Plan ရေးဆွဲရေးနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်သင့်သော အကြံပြုချက်များကို ဆွေးနွေးတင်ပြပြီး ဘက်စုံလွှမ်းခြုံသော လုပ်ငန်းအစီအစဉ်(Master Plan)ရေးဆွဲရေးအတွက် ကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းအဖွဲ့လေးဖွဲ့က ဆောင်ရွက်ထားမှုအခြေအနေတို့ကို အဖွဲ့လိုက်အသေးစိတ်ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို အပြန်အလှန်ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

(၅၀၀)

# တပ်ကုန်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပ




**နေပြည်တော် နိုဝင်ဘာ ၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တပ်ကုန်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ နေပြည်တော် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှု ကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ တာဝန်ရှိသူများ၊ ရပ်မိ/ရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စာပေပညာရှင်များနှင့် အကဲဖြတ်ဒိုင်များ၊ အလှူရှင်များ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ၊ ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်မုခ်ဦးကို နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားကာ တပ်ကုန်းမြို့နယ်အတွင်းရှိစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့ငွေများကို လည်းကောင်း၊ အလှူရှင်များနှင့် စာရေးဆရာ ရဲမွန်ကျော်တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း၊ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် တေးသရုပ်ဖော်ဖျော်ဖြေတင်ဆက်ကြသည့်ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်းပေးအပ်ပြီး တပ်ကုန်းမြို့နယ်အတွင်းရှိ စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် စာရေးဆရာ ရဲမွန်ကျော်က စာပေလေ့လာဖတ်ရှုမှုအကျိုးကျေးဇူးများကို အသိပညာပေးဟောပြောသည်။

အခမ်းအနားအပြီးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများ၏ ကာယစွမ်းရည်၊ ဉာဏစွမ်းရည်ပြိုင်ပွဲများ ပျော်ရွှင်စွာယှဉ်ပြိုင်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကြပြီး ဗလာစာအုပ်များနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကာ စာအုပ်စာစောင်များ၊ ခေတ်ပုံမှတ်တမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ၏ စာပေဆွေးနွေးပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုနှင့် ကျောင်းစာကြည့်တိုက်တွင် ကျောင်းသား၊ ကျောင်းသူများ စာပေဖတ်ရှုလေ့လာနေမှုကို ကြည့်ရှုအားပေးကာ ကျောင်းစာကြည့်တိုက်အတွက် သုတရသစာအုပ်စာစောင်များ ထောက်ပံ့လှူဒါန်းသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တပ်ကုန်းမြို့ အောင်ဆန်းခန်းမ၌ကျင်းပသည့် ရေဘေးသင့်ပြည်သူများ၏ ပျောက်ဆုံး/ ပျက်စီးသွားသော နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ထုတ်ပေးခြင်းအခမ်းအနားသို့ တက်ရောက်၍ ရေဘေးသင့်ပြည်သူများကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# အခြေခံသစ်တောပညာသင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၈**

မြန်မာနိုင်ငံသစ်တောကျောင်း အခြေခံသစ်တောပညာသင်တန်းအမှတ်စဉ် (၁၁၇) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ မြန်မာနိုင်ငံသစ်တောကျောင်း ကျွန်းရတနာခန်းမ၌ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသစ်တောကျောင်းသည် ၁၈၉၈ ခုနှစ်မှစပြီး အခြေခံသစ်တောပညာရပ်များကို သင်ကြားပို့ချပေးခဲ့ရာ ယခု ၁၂၆ နှစ်တိုင်ခဲ့ပြီဖြစ်ပြီး ခေတ်အဆက်ဆက် သစ်တောအမှုထမ်းကောင်းများစွာမွေးထုတ်ပေးနိုင်ခဲ့ရာ ယနေ့အထိ ၆၆၁၄ ဦးရှိပြီဖြစ်ကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စည်းကမ်းပြည့်ဝ၍ စွမ်းဆောင်ရည်မြင့်မားသော ဝန်ထမ်းကောင်းများဖြစ်စေရန် ရည်ရွယ်ကာ ယခုသင်တန်းကို ဖွင့်လှစ်သင်ကြားပို့ချပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သင်တန်းဘက်စုံထူးချွန်ကျောင်းသားဆု၊ စာပေထူးချွန်ကျောင်းသားဆု၊ လက်တွေ့ထူးချွန်ကျောင်းသားဆုများကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယရရှိသူများကိုလည်းကောင်း၊ တာဝန်ရှိသူများက အဆင့်အလိုက်ထူးချွန်ဆုရသူများနှင့် ဘာသာရပ်ထူးချွန်ဆုရသူများကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်း ကျောင်းသားများနှင့် မိဘများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင်မြို့နယ် အင်းယားသစ်တောပျိုးဥယျာဉ်အတွင်း ပျိုးပင် ၅၈၀၀၀ ကျော်ပျိုးထောင်ထားမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(၅၀၀)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## သဇင်(FM) အသံလွှင့်အစီအစဉ်

၉-၁၁-၂၀၂၄ (စနေနေ့)

၁။ ၀၈:၀၀ ယဉ်ကျေးလိမ္မာဖို့နားဆင်စို့
၂။ ၀၈:၂၀ Morning Songs
၃။ ၁၁:၅၀ စိုက်မွေးသုတ
၄။ ၁၄:၅၀ Business Tips
၅။ ၁၆:၀၀ Holiday Vibes
၆။ ၂၁:၄၀ ဓာတ်လမ်းအသွင်တေးသံစဉ်

# ရည်မှန်းချက်အသွယ်သွယ် ဆုံစည်းစေသော အမျိုးသားအားကစားပွဲတော်

ကျော်တေဇ
(ဥက္ကလာ)

အနောက်တောင်မုတ်သုံလေကား တရွေ့ရွေ့ဆုတ်ခွာသွားလေပြီ။ ထို့အတူ ဟေမန်ဆောင်း၏အဖော် မြောက်လေအေးသည်လည်း လောကဓာတ်ကို တစ်စ



တစ်စလွှမ်းခြုံလာခဲ့လေပြီ။ ရာသီတို့အလီလီ ရွေ့လျားလာသည်နှင့်အမျှ စာရေးသူတို့နိုင်ငံ၏ အထူးခြားဆုံးဖြစ်မည့် ပွဲတော်ကြီးကျင်းပရာကာလ သည်လည်းတရွေ့ရွေ့နီးကပ်လို့လာပါပြီ။ အမျိုးသားအားကစားပွဲတော်ကာလ နီးကပ်လာသည်နှင့်အမျှ ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများသည်လည်း စိတ်လှုပ်ရှားမှုများ ပိုမိုပြင်းထန်လာမည်ဖြစ်ပေသည်။ အကြောင်းမှာ အမျိုးသားအားကစားပွဲတော်တွင် အနိုင်ရရှိရေးထက်ပိုသော နိုင်ငံ့လက်ရွေးစင်အားကစားသမားများအဖြစ် ရွေးချယ်ခံရရေး မခံရရေးဆိုသည့် ခံစားချက်၊ အိပ်မက်များက မောင်မယ်တို့ကိုလွှမ်းမိုးထားခြင်းကြောင့်ပင်ဖြစ်ပေသည်။ ဆိုရလျှင် အမျိုးသားအားကစားပွဲတော်ဆိုသည်ကား နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင်အားကစားသမားများ ပေါ်ထွန်းစေရေးအတွက် ဆန်းစစ်ခံရမည့် ပြိုင်ပွဲကြီးတစ်ခုဆိုလျှင်လည်း မှားနိုင်မည်မထင်ပါ။

အမျိုးသားအားကစားပွဲတော်ဟုဆိုလျှင်အမျိုးသားအားကစားပွဲတော် သမိုင်းအချို့ကိုလည်း တင်ပြလိုပါသေးသည်။ စာရေးသူတို့မြန်မာနိုင်ငံတွင် အမျိုးသားအားကစားပွဲတော်ကြီးကို လေးကြိမ်တိုင်တိုင်ကျင်းပနိုင်ခဲ့သည်။ ပထမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ၁၉၅၂ ခုနှစ် မေလတွင် လည်းကောင်း၊ ဒုတိယအကြိမ် အမျိုးသားအားကစားပွဲတော်ကို ၁၉၆၄ ခုနှစ် ဇန်နဝါရီလတွင် လည်းကောင်း၊ တတိယအကြိမ်အမျိုးသားအားကစားပွဲတော်ကို ၁၉၆၇ ခုနှစ် ဇန်နဝါရီလတွင်လည်းကောင်း အသီးသီးရန်ကုန်မြို့တွင် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီးဖြစ်သည်။ ထို့ပြင် စတုတ္ထအကြိမ်အမျိုးသားအားကစားပွဲတော်အား ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလတွင် နေပြည်တော်တွင် ကျင်းပခဲ့ပြီး **ယခုပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကြီးကိုလည်း ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၉ ရက်မှ ၂၀ ရက်ထိ နေပြည်တော်တွင်ပင် ကြီးကျယ်ခမ်းနားစွာ ကျင်းပတော့မည်ဖြစ်သည်။**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လူမှုရေးဦးတည်ချက်တွင် **တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး၊ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး** ဟူသည့် ဦးတည်ချက်များကို တွေ့မြင်ရမည်ဖြစ်



သည်။ တာဝန်ယူထားသော အစိုးရတစ်ရပ်အနေဖြင့် ဆိုခဲ့စေမြဲစေဆိုသည့်အတိုင်း ချမှတ်ထားသော ဦးတည်ချက်ကို လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်နေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ အစိုးရတစ်ရပ်သည် နိုင်ငံတော်ကောင်းအောင် ဆောင်ရွက်ရမည့်တာဝန်ရှိပြီး ထိုသို့ဆောင်ရွက်ရာတွင်လည်း နိုင်ငံတော်၏ပကတိလိုအပ်ချက်ကို မြင်အောင်ကြည့်၍ အကောင်အထည်ဖော်ရခြင်းဖြစ်သည်။ မှတ်ကျောက်တင်ခံနိုင်သော အစိုးရတစ်ရပ်ဟုသာ အသိပေးလိုသည်။

မကြာမီကျင်းပတော့မည့် အမျိုးသားအားကစားပွဲတော်ကြီးနှင့်စပ်လျဉ်း၍ ပြင်ဆင်ဆောင်ရွက်မှုများကိုလေ့လာကြည့်ကြမည်။ အမျိုးသားအားကစားပွဲတော်ကြီးသည် မိမိတို့နိုင်ငံနှင့် လူမျိုး၏ဂုဏ်ကို မြှင့်တင်ပေးခြင်းဖြစ်ပြီး တိုင်းချစ်ပြည်ချစ်စိတ်များနှင့် အမျိုးသားရေးစိတ်ဓာတ်များ နိုးကြားတက်ကြွစေနိုင်ရန်အတွက် ကျင်းပခြင်းသာဖြစ်သည်။ တိုင်းရင်းသားအားလုံး၏ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိမှု စည်းလုံးညီညွတ်မှု၊ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုများနှင့် တည်ငြိမ်အေးချမ်းမှုများကို ဖော်ထုတ်ပြနိုင်မည့် ပြိုင်ပွဲကြီးတစ်ခုသာဖြစ်သည်။ **အမျိုးသားအားကစားပွဲတော်သည် အားကစားပြိုင်ပွဲအဖြစ် ရှုမြင်၍မရဘဲ နိုင်ငံတော်အဆင့် အဓိပ္ပာယ်ရှိရှိ အရည်အသွေးမြင့်မြင့်နှင့် စနစ်တကျဆောင်ရွက်သွားမည့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်နှင့်သာ ခံယူရှုမြင်ရမှာဖြစ်သည်။**

တိုင်းရင်းသားပြည်သူများ စိတ်ဝင်စားမှုမြင့်တက်နေသည့် ပဉ္စမအကြိမ်မြောက်အမျိုးသားအားကစားပွဲတော်ကြီး၏ဖွင့်ပွဲအခမ်းအနားကို နိုင်ငံတော်အဆင့်နှင့်အညီ ခမ်းနားထည်ဝါစွာကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲများကိုလည်း အဆင့်မီမီကျင်းပသွားမည်ဖြစ်သည်။ ထို့ပြင် အမျိုးသားအားကစားပွဲတော်နှင့်စပ်လျဉ်း၍ သတင်းအချက်အလက်များ ပြည်သူများထံစီးဆင်းစေရေး၊ ပြိုင်ပွဲအပေါ် ပြည်သူလူထုက စိတ်ဝင်စားမှုမြင့်တက်စေရေးအတွက် အင်တာဗျူးအစီအစဉ်များ၊ အားကစားပွဲဆိုင်ရာ သီချင်းအသစ်များ၊ ပညာပေးဇာတ်လမ်းတိုများနှင့် ဟာသဇာတ်လမ်းတိုများအား နိုင်ငံပိုင်မီဒီယာပေါင်းစုံတွင်သာမက Social Media Platform များတွင်ပါ ဆောင်ရွက်နေသည်များကိုလည်း မြင်တွေ့နေရပြီဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်ကြမည့် ပြည်နယ်နှင့်တိုင်းအားကစားသမားများ၊ ဝန်ကြီးဌာနအလိုက်အားကစားသမားများအနေနှင့်လည်း သက်ဆိုင်ရာနေရာအသီးသီးတွင် စခန်းသွင်းလေ့ကျင့်နေကြပြီဖြစ်ပြီး သက်ဆိုင်ရာတာဝန်ရှိသူများမှ ကြည့်ရှုအားပေးခြင်းများကို ဝေဝေဆာဆာတွေ့မြင်နေရသည်။ **အနိုင်ရရှိသည့် ထူးချွန်အားကစားသမားများကိုလည်း ထိုက်ထိုက်တန်တန် ဆုများချီးမြှင့်ပေးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်ပေးခြင်းဆိုင်ရာ ဂုဏ်ပြုအစီအစဉ်များကိုလည်း ကြားသိခွင့်ရပြီဖြစ်သည်။ အမျိုးသားအားကစားပွဲတော်ပြိုင်ပွဲများကတစ်ဆင့် နိုင်ငံ့လက်ရွေးစင် အားကစားသမားများဖြစ်ခွင့်ရသည်အထိ ကြိုးစားခွင့်ရှိကြောင်း အားကစားမောင်မယ်များကို သတင်းစကားပါးလိုသည်။**



အားကစားသမားများ၏ ကျန်းမာကြံ့ခိုင်ရေးအတွက်လည်း ကျွေးမွေးမှုအပိုင်းတွင် အားကစားနည်းအလိုက် သိပ္ပံနည်းကျစနစ်တကျနှင့် ကယ်လိုရီတွက်ချက်ကျွေးမွေးမှု၊ ခွန်အားတိုးမြင့်စေရန် တားမြစ်ဆေးများမသုံးစွဲဘဲ တိုင်းရင်းဆေးဝါးများနှင့် ဖော်စပ်ကျွေးမွေးစေရေးထိ အကြီးအကဲများမှ သက်ဆိုင်ရာတာဝန်ရှိသူများထံ လမ်းညွှန်မှာကြားခဲ့ပြီးဖြစ်သည်။ နိုင်ငံ့လက်ရွေးစင်အားကစားသမားများအား ဂုဏ်ပြုခြင်းအစီအစဉ်ကို ကြားသိလိုက်သည်နှင့် စာရေးသူတို့ငယ်စဉ်ဘဝက အားကျခဲ့ရသည့် မြန်မာ့လက်ရွေးစင်ဘောလုံးသမားများအဖြစ် ရေပန်းစားခဲ့သည့် တိုက်စစ်မှူး ကိုမျိုးလှိုင်ဝင်း၊ ကိုသန်းတိုးအောင်၊ အလယ်တန်းသမားကိုမောင်မောင်ဦး၊ ကိုကြည်လွင်၊ နောက်တန်းခံစစ်ကိုစိုးနိုင်၊ ဂိုးသမားကိုအောင်ကျော်ကျော်တို့၏ အတိတ်ကပုံရိပ်များကို စာရေးသူပြန်လည်မြင်ယောင်မိသည်။ စာရေးသူသိသမျှ ပြောပြခဲ့သည့် အားကစားသမားများသည် ဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားဖြစ်ခဲ့ကြသည်။ ထိုခေတ်အခါသည် မြန်မာ့အားကစားရွှေရောင်လွှမ်းခဲ့သော ခေတ်တစ်ခေတ်ဟုဆိုရပေမည်။ ယခုကျင်းပမည့် အမျိုးသားအားကစားပွဲတော်ကြီးသည် ထိုသမိုင်းတစ်ခေတ်အသွင် ပြန်လည်ခြယ်မှုန်းနိုင်မည်လားဟူသည့် စကားလုံးများက စာရေးသူ၏နှလုံးသားထဲ တသွင်သွင်စီးဆင်းနေ၏။

စာရေးသူတို့ငယ်စဉ်ဘဝ နွေရာသီအားကစားသင်တန်းများ ခေတ်စားသည်။ ရပ်ကွက်ပေါင်းစုံဘောလုံးပြိုင်ပွဲများကား တိုး၍မပေါက်လက်မှတ်ကုန်၍ ကစားကွင်းအုတ်တံတိုင်းပေါ် ကျော်တက်ပြီး ငယ်သံပါအောင်အားပေးခဲ့ဖူးသည်။ ပြည်ပအားကစားပြိုင်ပွဲများကို နိုင်ငံပိုင်ရုပ်သံမီဒီယာများမှပြသတိုင်း လမ်းပေါ်တွင် ဆော့နေကျကလေးများမရှိတော့ပေ။ တီဗွီရှိသည့်အိမ်များတွင်သာ ဆူညံပွက်လောရိုက်နေခဲ့ရသည်။ ကိုယ့်နိုင်ငံသားအားကစားသမားကို အဝါကတ်ပြခဲ့လျှင် စာရေးသူတို့၏ ဒေါသများက တီဗွီဖန်သားပြင်အား **စာမျက်နှာ ၉ သို့** ◆

◆ စာမျက်နှာ ၈ မှအဆက်

ဖောက်ဝင်၍ ကွင်းထဲထိရောက်သွားလုမတတ် မကျေမချမ်းဖြစ်ကြရသည်။ ဂိုးကန်သွင်းချက်လွဲသွားတိုင်း ရှေ့မှကြည့်နေသူကို ကန်ကန်မိသည့်အတွက် တောင်းပန်ရသည်ကလည်းအခါခါပင်။

ပွဲစဉ်ပြီးသွားပါက ပြည်ပတွင်ယှဉ်ပြိုင်နေသည့်အသင်းကမောသည်မမောသည်မသိ၊ စာရေးသူတို့ခမျာ တီဗွီဖန်သားပြင် ပြင်ပတွင်မောဩသာကျန်ခဲ့တတ်သည်။ **ထိုသည်ကား တစ်ခေတ်တစ်ခါက မြန်မာ့အားကစားအပေါ် ထင်ဟပ်စေခဲ့သည့် ဖြူစင်ရိုးသားသော မြန်မာတို့၏ ပွဲကြည့်ဝေလေ့သဘာဝတစ်ခုသာဖြစ်သည်။ ယနေ့ ထိုခေတ်တစ်ခါကို တမ်းတမ်းတတ လွမ်းမိနေပါသေးသည်။** အဘယ်ကြောင့်ဆိုသော် ထိုစဉ်ထိုကာလများသည် အားကစားကဏ္ဍ၏ အရှိန်အမြင့်ဆုံးကာလတစ်ခုဖြစ်ပြီး အားကစားသမားများအတွက် အတောက်ပဆုံးသော ကာလများလည်းဖြစ်သည်။ မြန်မာ့အားကစားနှင့် မြန်မာပြည်သူတို့၏ နှလုံးသားဆုံချက်ကောင်းသော တစ်ခေတ်တစ်ခါဟု တင်စားချင်သည်။ ထိုခေတ်ကို ကမ္ပည်းမှတ်တိုင်ယူ၍ မြန်မာ့အားကစားကဏ္ဍမြှင့်တင်ရေးကို ခေတ်နှင့်လျော်ညီစွာ မြှင့်တင်ဆောင်ရွက်သင့်ကြောင်း တာဝန်ရှိသူများသို့ အကြံပြုလိုသည်။

အားကစားသည် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ရုံသာမက လူသားတိုင်း၏နှလုံးသားများကို လှုပ်နှိုးနိုင်သည်။ နှလုံးသားအသီးသီးတွင် ကိန်းအောင်းနေသည့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်များကို နိုးကြားစေသည်။ အကြိုတ်အနယ်ရှိသော အားကစားပွဲများဆီက လက်ခုပ်အားပေးသံများက မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ကို ပိုမိုပိုင်ဆိုင်စေသည်။ လူငယ်တိုင်းအားကစားအပေါ် စိတ်ဝင်စားမှုမြင့်တက်ခြင်းသည် နိုင်ငံအပေါ် ကျရောက်လာမည့် အကြမ်းဖက်လုပ်ရပ်များကို ချေဖျက်နိုင်စွမ်းရှိသည်။ ပြည်သူလူထု၏ အားကစားပွဲများအပေါ် စိတ်ဝင်စားမှုမြင့်တက်လာခြင်းသည် ပြည်ထောင်စုစိတ်ဓာတ်ဟူသော ဆုံမှတ်တစ်ခုတွင်တွေ့ဆုံပြီး နိုင်ငံတွင်းစည်းလုံးညီညွတ်စေမှု Power တစ်ခုကို ရရှိစေနိုင်သည်။ ဤသည်ကား အစိုးရတစ်ရပ်၏ စွမ်းဆောင်နိုင်ရည်ဖြစ်ပြီး နိုင်ငံ




အပေါ်ထားရှိသည့် အစိုးရတစ်ရပ်၏ စိတ်ရင်းစေတနာဖြစ်ကြောင်းလည်း ရှုမြင်တတ်ရပေမည်။

**အားကစားလုပ်ဆောင်ခြင်းသည် လူတစ်ယောက်၏ ခန္ဓာကိုယ်အစိတ်အပိုင်းအသီးသီးကို ကြံ့ခိုင်သန်စွမ်းစေရုံသာမက စိတ်ပိုင်းဆိုင်ရာကိုပါ ကြံ့ခိုင်ဖွံ့ဖြိုးစေသည်။ အားကစားကဏ္ဍတိုးတက်အောင်မြင်ခြင်းသည် နိုင်ငံသူ၊ နိုင်ငံသားများ၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည်များကို အောင်မြင်စွာ မြှင့်တင်ပေးနိုင်ခြင်းပင်ဖြစ်သောကြောင့် နိုင်ငံတော်၏လူသားအရင်းအမြစ်ကို တိုက်ရိုက်သက်ရောက် ဖွံ့ဖြိုးတိုးတက်စေသည့် အဓိကအကြောင်းရင်းခံတစ်ရပ်လည်းဖြစ်သည်။**

**အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ခြင်းသည် မိမိတို့နိုင်ငံနှင့်လူမျိုး၏ဂုဏ်ကို မြှင့်တင်ပေးခြင်းဖြစ်ပြီး တိုင်းပြည်ချစ်စိတ်များနှင့် အမျိုးသားရေးစိတ်ဓာတ်များကိုလည်း နိုးကြားတက်ကြွလာစေမည်။** ဤအချက်များမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားခဲ့သည့် အားကစားကဏ္ဍမိန့်ခွန်းများမှ ထုတ်နုတ်တင်ပြခြင်းသာဖြစ်သည်။

အားကစားမောင်မယ်တိုင်းသည် ပြည်သူတွေ တီးသောလက်ခုပ်သံဖြင့် ပြိုင်ပွဲများတွင် အားသွန်ခွန်စိုက်ကြိုးပမ်းယှဉ်ပြိုင်ရင်း နိုင်ငံ့လက်ရွေးစင် အားကစားသမားများအဖြစ်နှင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ဖို့ အခွင့်အရေးသည် သူတို့၏ရည်မှန်းချက်သာဖြစ်သည်။ အားကစားကဏ္ဍမြှင့်တင်ခြင်းမှသည် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့်နိုင်ငံ့ဂုဏ်၊ အမျိုးဂုဏ်မြင့်မားပြီး နိုးကြားတက်ကြွသည့် လူသားအရင်းအမြစ်များဖြင့် စည်းလုံးညီညွတ်စေသော နိုင်ငံတော်ပေါ်ထွန်းရေးသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အန္တိမရည်မှန်းချက်ဖြစ်သည်။ ထို့ကြောင့် ရည်မှန်းချက်အသွယ်သွယ်တို့ဆုံစည်းစေသော မကြာမီကျင်းပတော့မည့် ပဉ္စမအကြိမ်မြောက်အမျိုးသားအားကစားပွဲတော်ကြီးကို တိုင်းရင်းသားပြည်သူများ၏ လက်ခုပ်သံများဖြင့် ဝိုင်းဝန်းကြိုဆိုကြပါစို့ဟု တိုက်တွန်းနှိုးဆော်လိုက်ရပါတော့သည်။ ။

**○ အားကစားသည် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ရုံသာမက လူသားတိုင်း၏ နှလုံးသားများကိုလှုပ်နှိုးနိုင်သည်။ နှလုံးသားအသီးသီးတွင် ကိန်းအောင်းနေသည့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်များကို နိုးကြားစေ. . .**

**○ ပြည်သူလူထု၏ အားကစားပွဲများအပေါ် စိတ်ဝင်စားမှုမြင့်တက်လာခြင်းသည် ပြည်ထောင်စုစိတ်ဓာတ်ဟူသော ဆုံမှတ်တစ်ခုတွင်တွေ့ဆုံပြီး နိုင်ငံတွင်းစည်းလုံးညီညွတ်စေမှု Power တစ်ခုကို ရရှိစေ. . .**

## ထိုင်းနိုင်ငံ၌ ယာယီနေထိုင်ခွင့်နှင့် အလုပ်လုပ်ကိုင်ခွင့်ပြုထားသည့် နိုင်ငံကူးလက်မှတ် သို့မဟုတ် CI ကိုင်ဆောင်ထားသူများအား ယာယီနေထိုင်အလုပ်လုပ်ကိုင်ခွင့် သက်တမ်းတိုးဆောင်ရွက်ပေးမည်

ရန်ကုန် နိုဝင်ဘာ ၈

ထိုင်းနိုင်ငံ၌ ယာယီနေထိုင်ခွင့်နှင့် အလုပ်လုပ်ကိုင်ခွင့်ပြုထားသည့် နိုင်ငံကူးလက်မှတ် သို့မဟုတ် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (CI) ကိုင်ဆောင်ထားသူများအား ယာယီနေထိုင်အလုပ်လုပ်ကိုင်ခွင့် သက်တမ်းတိုးခွင့် နှစ်နှစ်စီ နှစ်ကြိမ်ဖြင့် စုစုပေါင်းလေးနှစ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံဆိုင်ရာမြန်မာသံရုံးမှ အသိပေးထုတ်ပြန်ထားသည်။

ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၏ထုတ်ပြန်ချက်၌ ထိုင်းနိုင်ငံရှိ ရွှေ့ပြောင်းမြန်မာအလုပ်သမားများကိစ္စနှင့် ပတ်သက်၍ ဘန်ကောက်မြို့ရှိ မြန်မာသံရုံးမှ သံအမတ်ကြီး ဦးချစ်ဆွေ ဦးဆောင်သည့် တာဝန်ရှိသူများနှင့် ထိုင်းနိုင်ငံ အလုပ်အကိုင်ဦးစီးဌာန (DOE) မှ ညွှန်ကြားရေးမှူးချုပ် Mr. Somchai Morakotsriwan ဦးဆောင်သည့် လူဝင်မှုကြီးကြပ်ရေးဗျူရို (Immigration Bureau) နှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများသည် နိုဝင်ဘာလ ၅ ရက် နံနက် ၁၀ နာရီက မြန်မာသံရုံး၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

ယင်းသို့တွေ့ဆုံဆွေးနွေးရာတွင် ၂၀၂၅ ခုနှစ်ဖေဖော်ဝါရီလ ၁၃ ရက်အထိ ထိုင်းနိုင်ငံ၌ ယာယီနေထိုင်ခွင့်နှင့် အလုပ်လုပ်ကိုင်ခွင့်ပြုထားသည့် နိုင်ငံကူးလက်မှတ် သို့မဟုတ် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (CI) ကိုင်ဆောင်ထားသူများအား ဆက်လက်သက်တမ်းတိုးဆောင်ရွက်မည့်ကိစ္စကို ထည့်သွင်းညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

၎င်းတို့အား ထိုင်းနိုင်ငံအတွင်း ယာယီနေထိုင်အလုပ်လုပ်ကိုင်ခွင့်သက်တမ်း နှစ်နှစ်စီ နှစ်ကြိမ်ဖြင့် စုစုပေါင်းလေးနှစ်ခွင့်ပြုသွားမည်ဖြစ်ပြီး ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်အထိ ထိုင်းနိုင်ငံ၌ ယာယီနေထိုင်ခွင့်နှင့် အလုပ်လုပ်ကိုင်ခွင့်ရရှိထားသည့် ရွှေ့ပြောင်းမြန်မာအလုပ်သမားများအနေဖြင့် ၎င်းတို့၏ နိုင်ငံကူးလက်မှတ် သို့မဟုတ် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်(CI) သက်တမ်းအနည်းဆုံး နှစ်နှစ်ကျော် ကျန်ရှိနေရန် လိုအပ်သည်ဖြစ်ရာ နိုင်ငံကူးလက်မှတ်သက်တမ်းအနည်းဆုံး နှစ်နှစ်ကျော် မကျန်ရှိသူများအနေဖြင့် မြန်မာသံရုံးနှင့် ချင်းမိုင်မြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့၌ နိုင်ငံကူးလက်မှတ်သက်တမ်းတိုး လာရောက်ဆောင်ရွက်နိုင်ကြောင်း ထပ်မံအသိပေးအပ်သည်ဟု ဖော်ပြထားသည်။

ထို့ပြင် CI မှ နိုင်ငံကူးလက်မှတ်လဲလှယ်လျှောက်ထားလိုသူများအနေဖြင့် မဟာချိုင်ရှိ သာမန်မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးဌာနစိတ်(TDCC)၌ သွားရောက်ဆောင်ရွက်နိုင်ကြောင်း အသိပေးကြေညာချက်တွင်ပါရှိသည်။ ထို့ပြင် CI စာအုပ်အဟောင်းမှ CI အသစ်သို့ လဲလှယ်ဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းမှုများလည်း ပြုလုပ်ပြီးဖြစ်ပြီး မကြာမီ တရားဝင်ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း၊ စက်ရုံ၊ အလုပ်ရုံများရှိမြန်မာအလုပ်သမားများအား Passport မှ Passport သို့လည်းကောင်း၊ CI မှ Passport သို့လည်းကောင်း၊ Mobile Team ဖြင့် ဆောင်ရွက်လိုပါက မြန်မာသံရုံးကောင်စစ်ဌာနသို့လည်းကောင်း လာရောက်ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း အသိပေးကြေညာထားသည်။

MT

## ပထမနှစ် နေ့သင်တန်းဝင်ခွင့်ရစာရင်းများ ထုတ်ပြန်မည်

**ပညာရေးဝန်ကြီးဌာန**

**အဆင့်မြင့်ပညာဦးစီးဌာန**

**ပထမနှစ် နေ့သင်တန်းဝင်ခွင့်ရစာရင်းများ ထုတ်ပြန်မည်**

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအတွက် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပထမနှစ် နေ့သင်တန်း ဝင်ခွင့်ရသူများစာရင်းကို (၁၀-၁၁-၂၀၂၄) ရက်တွင် သက်ဆိုင်ရာတက္ကသိုလ်နှင့်ဒီဂရီကောလိပ်အသီးသီးတွင် ကြေညာထားမည်ဖြစ်ပြီး ပညာရေးဝန်ကြီးဌာန website http://www.moe.gov.mm နှင့် အဆင့်မြင့်ပညာဦးစီးဌာန website http://www.dhe.gov.mm တို့တွင်လည်း ကြေညာထားမည်ဖြစ်ပါသည်။

**အဆင့်မြင့်ပညာဦးစီးဌာန**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၀˚c | / | ၂၃˚c |
| ရန်ကုန် | ၂၁˚c | / | ၂၆˚c |
| မန္တလေး | ၂၁˚c | / | ၂၅˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် အကအလှုများဖြင့်ဖျော်ဖြေတင်ဆက်ကြမည့် ကျောင်းသူများ ကြိုတင်ပြင်ဆင်နေမှုကို ပြည်ထောင်စုဝန်ကြီးများ သွားရောက်ကြည့်ရှုအားပေး




နေပြည်တော် နိုဝင်ဘာ ၈

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း(C)ရုံ၌ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် အကအလှုများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ပါဝင်ဆင်နွှဲဖျော်ဖြေတင်ဆက်ကြမည့်ကျောင်းသူများ၏ကြိုတင်ပြင်ဆင်လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးကြသည်။

ဦးစွာ "လှပချစ်စရာ တို့ရွှေမြန်မာ" တေးသီချင်းနှင့်အတူ အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသူ ၃၂၀ ဦး၏ အကအလှုများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ဇာတ်တိုက်လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကားပြောကြားရာတွင် အမျိုးသားအားကစားပွဲတော်ကျင်းပရန် အချိန်အားဖြင့် တစ်လခန့်သာကျန်ရှိတော့ကြောင်း၊ ကျောင်းသူများ၏ အကအလှုများသည် အားကစားပွဲတော်ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ကြောင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံကမှာကြားရာတွင် ကျောင်းသူများအနေဖြင့် နိုင်ငံတော်၏ကြီးကျယ်ခမ်းနားသည့် အခမ်းအနားတစ်ခုတွင် တစ်ထောင့်တစ်နေရာမှ ပါဝင်ကူညီအားဖြည့်ခွင့်ရသည့်အတွက် ဂုဏ်ယူတတ်စေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဦးမင်းသိန်းဇံတို့သည် ပွဲတော်ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားတွင် တေးသီချင်းများဖြင့် အကအလှုများ ဖျော်ဖြေတင်ဆက်နိုင်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်နေကြသည့် အနုပညာဦးစီးဌာနမှ အကနည်းပြ ဆရာ၊ ဆရာမများ၊ အခြေခံပညာအထက်တန်းကျောင်းများမှ ကြီးကြပ်ဆရာမများနှင့် ကျောင်းသူများအား ထောက်ပံ့ငွေများပေးအပ်ချီးမြှင့်ပြီး အားပေးစကားပြောကြားသည်။

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝန်ကြီးဌာနအဆင့် အားကစားနည်းများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အားကစားနည်းများနှင့် မသန်စွမ်းအားကစားနည်းများ ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး ဖွင့်ပွဲ/ပိတ်ပွဲအခမ်းအနားများကိုလည်း နိုင်ငံတော်အဆင့်နှင့်အညီ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် အများပြည်သူစိတ်ပါဝင်စားစွာ ကြည့်ရှုအားပေးနိုင်ရေးတို့အတွက် အခမ်းအနားပြင်ဆင်ရေးနှင့် ဖျော်ဖြေရေးကိစ္စများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဟ၀၀)

# မြန်မာ-လာအို နှစ်နိုင်ငံနယ်စပ် ဝမ်ပုံအပြည်ပြည်ဆိုင်ရာ ဝင်ထွက်မှုစစ်ဆေးရေးဂိတ်နှင့် မြန်မာ-ထိုင်း နှစ်နိုင်ငံချစ်ကြည်ရေးတံတားအား ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ကြည့်ရှုစစ်ဆေး




နေပြည်တော် နိုဝင်ဘာ ၈

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့် တာဝန်ရှိသူများသည် ယမန်နေ့နံနက်ပိုင်းက ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်ရှိ မြန်မာ-လာအိုနှစ်နိုင်ငံနယ်စပ် မဲခေါင်မြစ်၏ မြန်မာဘက်ခြမ်းရှိ ဝမ်ပုံဆိပ်ကမ်းလှေဆိပ်နေရာနှင့် ဝမ်ပုံအပြည်ပြည်ဆိုင်ရာဝင်ထွက်မှုစစ်ဆေးရေးဂိတ်သို့ရောက်ရှိပြီး ဝမ်ပုံဆိပ်ကမ်း လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ နယ်စပ်ဖြတ်သန်းခွင့်စာအုပ် (Border Pass) ဆောင်ရွက်သည့်နေရာနှင့် ဝမ်ပုံလှေဆိပ်နေရာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားသည်။

ထို့နောက် ဝမ်ပုံအပြည်ပြည်ဆိုင်ရာ ဝင်ထွက်မှုစစ်ဆေးရေးဂိတ်အားသွားရောက်ကြည့်ရှုစစ်ဆေးပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရေကြောင်းရဲတပ်ဖွဲ့ခွဲ(ဝမ်ပုံ) တပ်ဖွဲ့ခွဲဆိပ်ကမ်း၌ ဆိုက်ကပ်ထားသည့် ရဲတပ်ဖွဲ့ရေယာဉ်ပေါ်သို့ တက်ရောက်ကြည့်ရှု၍ ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည်များကိုမေးမြန်းကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ရေကြောင်းရဲတပ်ဖွဲ့ခွဲ (ဝမ်ပုံ) အစည်းအဝေးခန်းမ၌ မြန်မာ-လာအို နှစ်နိုင်ငံနယ်စပ်လုပ်ငန်းများဆောင်ရွက်နေသည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံကာ မြန်မာ-လာအို နှစ်နိုင်ငံနယ်စပ်ဒေသစီမံခန့်ခွဲမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ်နှင့်အညီ နှစ်နိုင်ငံကူးသန်းသွားလာမှုနှင့် ကုန်သွယ်မှုတိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်များကို ကြိုတင်စီစဉ်ဆောင်ရွက်ထားနိုင်ရေး၊ လန်ချန်း-မဲခေါင် ကုန်သွယ်မှု မူဘောင်အရ ဆောင်ရွက်နေသော်လည်း လက်ငင်းဆောင်ရွက်ရန်လိုအပ်ပါက အချိန်မီဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရေး အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တင်ပြချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ် အမှတ်(၂) ချစ်ကြည်ရေးတံတား၌ ကုန်တင်ယာဉ်နှင့် လူစီးယာဉ်များ ဝင်ထွက်သွားလာနေမှုအပေါ် လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ အမှတ်(၁) ချစ်ကြည်ရေးတံတား၌ နှစ်နိုင်ငံ နယ်စပ်နေပြည်သူများအား နယ်စပ်ဖြတ်သန်းခွင့်လက်မှတ်(BP)နှင့် ယာယီနယ်စပ်ဖြတ်သန်းခွင့်လက်မှတ် (TBP)တို့ဖြင့် ဖြတ်သန်းခွင့်ပြုဆောင်ရွက်နေမှု၊ TBP လာရောက်ဆောင်ရွက်သည့် ပြည်သူများအား e-ID စနစ်ဖြင့် Biographic/ Biometric ကောက်ယူကာ Unique ID နံပါတ် ထုတ်ပေးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဒေသခံပြည်သူများအား လုပ်ငန်းဆိုင်ရာ အခက်အခဲများမေးမြန်း၍ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် အမှတ်(၁) ချစ်ကြည်ရေးတံတားအနီးရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တာချီလိတ်ခရိုင်ဦးစီးမှူးရုံးသို့ရောက်ရှိပြီး မယ်ဆိုင်ချောင်း ရေကြီးရေလျှံမှုဖြစ်ပွား၍ ရုံးအဆောက်အအုံများ ပြန်လည်သန့်ရှင်းသပ်ရပ်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက်တာချီလိတ်မြို့ အောင်မြတ်ခန်းမ၌ တာချီလိတ်၊ မိုင်းတုံနှင့် မိုင်းဆတ်ခရိုင်တို့ရှိ ခရိုင်နှင့်မြို့နယ်ဦးစီးမှူးရုံးများမှ ဝန်ထမ်းများ၊ လူဝင်မှုကြီးကြပ်ရေးဌာနခွဲမှ ဝန်ထမ်းများအားတွေ့ဆုံသည်။

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တာချီလိတ်မြို့နယ်ဦးစီးမှူးရုံးသို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(ဟ၀၀)

# ကျောင်းသားလူငယ် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးပညာပေးအစီအစဉ်များကျင်းပ

နေပြည်တော် နိုဝင်ဘာ ၈

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းလျက် လူငယ်များ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ အသိပညာရရှိစေရန်၊ အဂတိလိုက်စားမှုကို တွန်းလှန်တိုက်ဖျက်လိုစိတ်ရှိသည့် လူ့အဖွဲ့အစည်းဖြစ်တည်လာစေရန်၊ အများအကျိုးဆောင်ရွက်ခြင်းနှင့် ကိုယ်ကျိုးရှာခြင်းတို့ကြား ခွဲခြားတွေးတောသည့် အခြေခံစဉ်းစားတွေးခေါ်မှု မှန်ကန်စေရန်အတွက် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ်များကို ပညာရေးဝန်ကြီးဌာနအောက်ရှိ အခြေခံပညာကျောင်းများနှင့် ပုဂ္ဂလိကကျောင်းများတွင် မူလတန်းနှင့် အလယ်တန်းအဆင့်များမှစတင်၍ အသိပညာပေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက်၌ ဖွင့်လှစ်ထားသည့် WISDOM HILL Private High School နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ရွှေညောင်မြို့ အ-လ-က (ခွဲ)(၃)၊ အခြေခံပညာကျောင်းများတွင် မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၆၄၂ ဦးတို့ကို ကော်မရှင်ရုံးမှ ဝန်ထမ်းများက ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးပညာပေးအစီအစဉ်(ဆရာကိုင်)စာအုပ်များမှ သင်ခန်းစာပါ အကြောင်းအရာများကိုအခြေခံ၍ အသိပညာပေးဆွေးနွေးမှုများဆောင်ရွက်ခဲ့ကြောင်း သိရသည်။



(သတင်းစဉ်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ ကျင်းပပြုလုပ်သည့် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်လာသည့် ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E. Ms. Paetongtarn Shinawatra နှင့်တွေ့ဆုံဆွေးနွေး

## နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် နိုဝင်ဘာလ ၇ ရက် မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ကျင်းပပြုလုပ်သည့် အဋ္ဌမ အကြိမ်မြောက်မဟာမဲခေါင်ဒေသခွဲထိပ်သီးအစည်းအဝေးအပါအဝင် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်လာသည့် ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E. Ms. Paetongtarn Shinawatra နှင့် ကူမင်းမြို့ရှိ Wyndham Grand ဟိုတယ်၌ တွေ့ဆုံဆွေးနွေးသည်။

ထိုသို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ခွဲခြား၍မရသည့် အိမ်နီးချင်း မိတ်ဆွေကောင်းနိုင်ငံများဖြစ်ပြီး တစ်နိုင်ငံ၏အရေးကိစ္စသည် တစ်နိုင်ငံအပေါ် သက်ရောက်မှုရှိသည့် အခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များ၊ နယ်စပ်ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးမြှင့်တင်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများ၊ အလုပ်သမားဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံဝန်ကြီးဌာနအချင်းချင်းနှင့် ဌာနဆိုင်ရာအချင်းချင်းတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုနှင့် ချမှတ်ထားသည့် ဦးတည်ချက်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများ၊ လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E. Ms. Paetongtarn Shinawatra တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့သည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်၊ ချုံချင့်မြူနီစီပယ်ပါတီကော်မတီအတွင်းရေးမှူး Mr. Yuan Jiajun တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ကျောဖုံးမှအဆက်

ထို့နောက် တွေ့ဆုံဆွေးနွေးရာ၌ ချုံချင့်မြို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အချက်အချာကျသည့်နေရာတွင်တည်ရှိပြီး ခေတ်အဆက်ဆက်ပြောင်းလဲတိုးတက်လာမှုအခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ချုံချင့်မြို့သို့ ခရီးစဉ်လာရောက်မှုသည် မြန်မာ-ချုံချင့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၏ လမ်းစတစ်ခုဖြစ်သည့်အခြေအနေများနှင့် ချုံချင့်မြို့နယ်အနေဖြင့် ၎င်းတို့၏ နည်းပညာအားသာချက်များ၊ လမ်းပန်းဆက်သွယ်မှုအချက်အချာကျသည့် အားသာချက်များအပေါ်တွင် မူတည်၍ မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်သွားနိုင်မည့် အလားအလာများ၊ မြန်မာနိုင်ငံနှင့် သိပ္ပံနှင့်နည်းပညာ ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ၊ ယဉ်ကျေးမှုဖလှယ်မှုများ၊ ပညာရေးကဏ္ဍနှင့် ခရီးသွားကဏ္ဍမြှင့်တင်ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ခရီးစဉ်တွင်လိုက်ပါလာကြသည့် အရာရှိကြီးများနှင့်တာဝန်ရှိသူများ၊ တရုတ်နိုင်ငံဆိုင်ရာမြန်မာနိုင်ငံသံအမတ်ကြီးတို့ တက်ရောက်ကြပြီး တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီအဖွဲ့ဝင်၊ ချုံချင့်မြူနီစီပယ်ပါတီကော်မတီအတွင်းရေးမှူးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီအဖွဲ့ဝင်၊ ချုံချင့်မြူနီစီပယ်ပါတီကော်မတီအတွင်းရေးမှူးတို့သည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ခရီးစဉ်တွင်လိုက်ပါလာကြသည့် အဖွဲ့ဝင်များသည် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီအဖွဲ့ဝင်၊ ချုံချင့်မြူနီစီပယ်ပါတီကော်မတီအတွင်းရေးမှူးမှ တည်ခင်းဧည့်ခံသည့် ညစာကို အတူတကွသုံးဆောင်ခဲ့ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံအတွင်းရှိ အထင်ကရနေရာများ၊ စက်ရုံ၊ အလုပ်ရုံများ၊ တက္ကသိုလ်များသို့ ဆက်လက်လေ့လာသွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

(၁၀၀)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်၊ ချုံချင့်မြူနီစီပယ်ပါတီကော်မတီအတွင်းရေးမှူး Mr. Yuan Jiajun မှ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား





အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် နိုဝင်ဘာ ၈**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ် သဘာဝဘေးစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌများ ဖြစ်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် မျက်မှောက်ကာလတွင်ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များကို ကမ္ဘာ့နိုင်ငံ အများအပြား တွေ့ကြုံခံစားနေရပြီး ပြင်းထန်သည့် သဘာဝဘေးများဖြစ်သော ရုတ်တရက် ရေကြီးခြင်း၊ ပြင်းထန်အားကောင်းသည့် မုန်တိုင်းကြီးများ ဖြစ်ပေါ်ခြင်းများကို တွေ့ကြုံခံစားနေရကြောင်း၊ အမေရိကန်နိုင်ငံတွင် ၂၀၂၄ ခုနှစ် စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်း ရက်သတ္တပတ်(၂)ပတ်ခန့်ခြားကာ အင်အားအလွန်ပြင်းထန်သည့် ဟာရီကိန်းမုန်တိုင်းများဖြစ်သော Helene, Milton, Leslie မုန်တိုင်းများဖြစ်ပွားခဲ့၍ လူသန်းနှင့်ချီပြီး ရွှေ့ပြောင်းခဲ့ရသကဲ့သို့ အမေရိကန်ဒေါ်လာ ဘီလီယံ ရာနှင့်ချီပြီး ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ပြင် ပြီးခဲ့သည့် ရက်ပိုင်းအတွင်းကလည်း စပိန်နိုင်ငံတွင် ဖြစ်ပေါ်ခဲ့ သည့် ရေဘေးကြောင့် သေဆုံးသူ(၂၀၀)ကျော်ခန့် ရှိခဲ့သည်ကို တွေ့ရှိရကြောင်း၊ အလားတူ ဖိလစ်ပိုင်နိုင်ငံတွင်လည်း သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီး ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း။

## ❒ မြန်မာနိုင်ငံအနေဖြင့်လည်း အခြားနိုင်ငံများကဲ့သို့ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့် ဖြစ်ပေါ်သည့် သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်နေရပြီး သဘာဝဘေးအန္တရာယ် ထိခိုက်ပျက်စီးဆုံးရှုံးနိုင်ခြေ အများဆုံးစာရင်းထဲတွင် ပါဝင်နေ. . .

မြန်မာနိုင်ငံအနေဖြင့်လည်း အခြားနိုင်ငံများကဲ့သို့ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့်ဖြစ်ပေါ်သည့်သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်နေရပြီး သဘာဝဘေးအန္တရာယ် ထိခိုက်ပျက်စီး ဆုံးရှုံးနိုင်ခြေ အများဆုံး စာရင်းထဲတွင် ပါဝင်နေကြောင်း၊ **ယခုလတ်တလောတွင် မုတ်သုံကာလလွန်မြောက်ပြီ ဖြစ်သော်လည်း တောင်တရုတ်ပင်လယ်ပြင်မှ ရွေ့လျားလာသော လေပွေလှိုင်းများကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသည့်လေအေးများ တွေ့ဆုံမှုကြောင့် လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်သည့်အတွက်လည်းကောင်း ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုများ ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ခဲ့ပြီး ဖြစ်ကြောင်း၊ နိုဝင်ဘာလ ၇ ရက်က ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ မိုးရေချိန် ၈ လက်မခန့် ရွာသွန်းမှုဖြစ်ပေါ်ခဲ့**ကြောင်း။

ထို့ပြင် တိုင်ဖွန်းမုန်တိုင်း ရင်ရှင်း (YINXING)သည် နိုဝင်ဘာလ (၇) ရက်တွင် ဖိလစ်ပိုင်နိုင်ငံကို ဝင်ရောက်ခဲ့ပြီး အနောက်ဘက်နှင့် အနောက်မြောက်ဘက်ဆီသို့ ဦးတည်လျက်ရှိသည်ကို သတင်းများ၌ တွေ့ရကြောင်း၊ မုန်တိုင်းလမ်းကြောင်းသည် ယခင် ရာဂိမုန်တိုင်း ဝင်ရောက်ခဲ့သည့် လမ်းကြောင်းနှင့် တူညီကြောင်း သိရှိရကြောင်း၊ ယခင်ရာဂိမုန်တိုင်း ဝင်ရောက်စဉ်က စက်တင်ဘာလ(၂)ရက်တွင် ဖိလစ်ပိုင်နိုင်ငံ၊ (၇)ရက်တွင် ဗီယက်နမ်နိုင်ငံ၊ (၈)ရက်နှင့် (၉)ရက်နေ့တို့တွင် မြန်မာနိုင်ငံသို့ ဖြတ်ကျော်ဝင်ရောက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ယခုဖြစ်စဉ်တွင် တိုင်ဖွန်းမုန်တိုင်း ရာဂိအဖျားခတ်ချိန်၌ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းမှတစ်ဆင့် မုန်တိုင်းငယ်ဖြစ်ပေါ်ချိန်တိုက်ဆိုင်လျက် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသနှင့် ရှမ်းပြည်နယ်တို့တွင် မိုးကြီးပြီး ရေလွှမ်းဒုက္ခဘေးခံစားခဲ့ရသလို ယခုအခါလည်း မြန်မာနိုင်ငံအပေါ်၌ လေအေးစီးကြောင်းနှင့် လေနွေးစီးကြောင်းထိတွေ့မှုကြောင့် မိုးရွာသွန်းချိန် ဖိလစ်ပိုင်မှ တိုင်ဖွန်းမုန်တိုင်း ရင်ရှင်းကလည်း ဗီယက်နမ်နိုင်ငံဘက်သို့ ဦးတည်ချိန်နှင့် ဖြစ်စဉ်တူ လမ်းကြောင်းတူ တိုက်ဆိုင်နေသဖြင့် မိုးကြီးရေလျှံမှုနှင့်မြေပြိုမှုများ ဖြစ်ပွားလာမှုအပေါ် ကြိုတင်မြော်တွေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရမည်ဖြစ်ကြောင်း။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့်နိုင်ငံတကာ မိုးလေဝသခန့်မှန်းဌာနများ၏ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံအတွင်း နိုဝင်ဘာလ ၈ ရက်မှ ၁၇ ရက်အတွင်း ရွာသွန်းမြဲအောက်နှင့် ရွာသွန်းမှုအနည်းငယ်သာရှိမည်ဟု ခန့်မှန်းထားသော်လည်း မိမိတို့ဘက်မှ ထပ်မံ၍ ရာဂိမုန်တိုင်းအဖျားခတ်မှုဖြစ်စဉ်ကဲ့သို့ ထပ်မံမဖြစ်စေရေး ကြိုတင်ပြင်ဆင်ခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်းများကို မဖြစ်မနေ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ယခုနှစ်မိုးရာသီကာလတွင် မိုးများပြားစွာ ရွာသွန်းခဲ့ခြင်း၊ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် မြေသားများ စိုထိုင်းဆများပြားလျက်ရှိပြီး ကျစ်လျစ်မှုအားနည်းနေသည့်အတွက် ယခင်ရာဂိကဲ့သို့ မိုးရေချိန်လက်မများစွာ ရရှိပါက တိုင်းဒေသကြီး/ ပြည်နယ် အချို့တွင် ထိခိုက်လာနိုင်သည့်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ထိုသို့ ကြိုတင်ပြင်ဆင်ရေး ဆောင်ရွက်ရာတွင် ကြိုတင်သတိပေးချက်များ ထုတ်ပြန်ခြင်း၊ ယခင်အတွေ့အကြုံအရ ရေကြီးရေလျှံမှု ဖြစ်ပေါ်နိုင်သည့် နေရာများတွင် နေထိုင်သူများကို ပြောင်းရွှေ့နေရာချထားနိုင်ရန်အတွက် ရွှေ့ပြောင်းမည့် နေရာများ သတ်မှတ်ခြင်း၊ ရေသန့်နှင့် အစားအသောက်များ ကြိုတင်ပြင်ဆင်ထားရှိခြင်း၊ ရွှေ့ပြောင်းရန် ယာဉ်ယန္တရားများ




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တိုင်းဒေသကြီး/ပြည်နယ် သဘာဝဘေးစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌများဖြစ်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြစဉ်။

**စာမျက်နှာ ၁၃ သို့** ❍

**❒ တိုင်ဖွန်းမုန်တိုင်း ရင်ရှင်း(YINXING)သည် နိုဝင်ဘာလ (၇) ရက်တွင် ဖိလစ်ပိုင်နိုင်ငံကို ဝင်ရောက်ခဲ့ပြီး အနောက်ဘက်နှင့် အနောက်မြောက်ဘက်ဆီသို့ ဦးတည်လျက်ရှိသည်ကို သတင်းများ၌တွေ့ရ၊ မုန်တိုင်းလမ်းကြောင်းသည် ယခင်ရာဂိမုန်တိုင်း ဝင်ရောက်ခဲ့သည့် လမ်းကြောင်းနှင့် တူညီကြောင်းသိရှိရ၊ လမ်းကြောင်းတူ တိုက်ဆိုင်နေသဖြင့် မိုးကြီးရေလျှံမှုနှင့်မြေပြိုမှုများ ဖြစ်ပွားလာမှုအပေါ် ကြိုတင်မျှော်တွေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရမည်ဖြစ်. . .**

**❒ ရာဂိမုန်တိုင်းကြောင့် ဖြစ်ပေါ်ခဲ့သည့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများကို သင်ခန်းစာယူပြီး လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်သွားရန်လို၊ ပျက်စီးဆုံးရှုံးမှုအနည်းဆုံး (သို့မဟုတ်) မရှိသလောက်ဖြစ်အောင် လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို အားလုံး ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်. . .**

**❒ မိမိတို့အနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်နေချိန်တွင် နောက်ထပ်ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကိုလည်း အလေးထားစောင့်ကြည့်ပြီး လိုအပ်သလို ပြင်ဆင်မှုများဆောင်ရွက်ကြရန် အရေးကြီးလိုအပ်မည်ဖြစ်. . .**

❍ စာမျက်နှာ ၁၂ မှအဆက်

စုဖွဲ့ပြင်ဆင်ထားခြင်း၊ အချိန်မီရွှေ့ပြောင်းခြင်း၊ ရွှေ့ပြောင်းရန် လိုအပ်သူများအား ရွှေ့ပြောင်းပေးရာတွင်လည်း ငြင်းဆန်သူများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအရ စည်းရုံး၊ တိုက်တွန်းရွှေ့ပြောင်းပေးနိုင်ရေးတို့ကို ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ကြောင်း၊ ရာဂိမုန်တိုင်းကြောင့် ဖြစ်ပေါ်ခဲ့သည့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများကို သင်ခန်းစာယူပြီး လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်သွားရန်လိုကြောင်း၊ ပျက်စီးဆုံးရှုံးမှုအနည်းဆုံး (သို့မဟုတ်) မရှိသလောက်ဖြစ်အောင် လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း။

ရာဂိမုန်တိုင်းကြောင့် ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုများနှင့်ပတ်သက်ပြီး ရေဘေးသင့်ဒေသများ၏ အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကိုယ်တိုင် ဦးဆောင်လမ်းညွှန်မှုများ ပြုလုပ်ခဲ့သည့်အပေါ်တွင် အမျိုးသားကော်မတီအနေဖြင့် ချက်ချင်းလိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ဘေးသင့်ဒေသများအတွက် လိုအပ်သည့် ထောက်ပံ့မှုများပြုလုပ်ခြင်း၊ သေဆုံးထိခိုက် ဒဏ်ရာရရှိသူများ၊ အိုးအိမ်ဆုံးရှုံးခဲ့ရသူများအတွက် ထောက်ပံ့မှုများပြုလုပ်ခြင်း၊ အရေးပေါ်စားနပ်ရိက္ခာများထောက်ပံ့ခြင်း စသည့်လုပ်ငန်းများအတွက် ငွေကျပ် (၂၅) ဘီလီယံကျော်ကို သုံးစွဲထောက်ပံ့ပေးနိုင်ခဲ့ကြောင်း။

ထို့ပြင် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် ကဏ္ဍပေါင်းစုံကိုလည်း အမြန်ဆုံး ပြန်လည်ထူထောင်နိုင်ရန်အတွက် တာဝန်ရှိသူအဆင့်ဆင့်က ကြိုးကြပ်ကွပ်ကဲဆောင်ရွက်လျက်ရှိခြင်းကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအနေဖြင့် အရှိန်ရနေသည်ကို တွေ့ရကြောင်း။

နိုင်ငံတော်၏ မတည်ရန်ပုံငွေ၊ အလှူရှင်များ၏ ထည့်ဝင်လှူဒါန်းငွေများဖြင့် ရေဘေးသင့်ဒေသများရှိ စာသင်ကျောင်းများကို အမြန်ဆုံးပြုပြင်၍ ပြန်လည် ဖွင့်လှစ်နိုင်အောင် ဆောင်ရွက်ခဲ့ရာ ရေဘေးဖြစ်ပွားပြီး (၁)လခန့်အတွင်းတွင် အခြေခံပညာကျောင်းများအားလုံးကို ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်အောင်စေတနာမေတ္တာအပြည့်ဖြင့် လှူဒါန်းပေးကြသည့် အလှူရှင်များကို ကျေးဇူးတင်ရှိပါကြောင်း၊ ထို့အတူ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက်လည်း လိုအပ်သည့် မျိုးစပါးနှင့် တိရစ္ဆာန်ဆေးဝါးများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း၊ အခြားသော စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများတွင်လည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

မိမိတို့အနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်နေချိန်တွင် နောက်ထပ်ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကိုလည်း အလေးထားစောင့်ကြည့်ပြီး လိုအပ်သလို ပြင်ဆင်မှုများဆောင်ရွက်ကြရန် အရေးကြီးလိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများ/အဖွဲ့အစည်းများ၊ လုပ်ငန်းကော်မတီများ၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် လတ်တလော ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုအခြေအနေများနှင့် စပ်လျဉ်းပြီး ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများ၊ ပြည်ထောင်စုအဆင့်က ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်သည်များကို ဆွေးနွေးတင်ပြကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် ဒေါက်တာစိုးဝင်းတို့က လတ်တလော ဖြစ်ပေါ်နေသည့်ရာသီဥတုအခြေအနေကြောင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ် အခြေအနေများ၊ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ပါက ထိခိုက်မှုနည်းပါးစေရန် ဒေသအလိုက် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များဖွဲ့စည်း၍ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ကူညီကယ်ဆယ်ရေးပစ္စည်းများ ဝယ်ယူဖြည့်ဆည်းထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက်ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသည့် တိုင်ဖွန်းမုန်တိုင်း ရင်ရှင်း၏လမ်းကြောင်းအခြေအနေနှင့်ဆက်လက်ဖြစ်ပေါ်နိုင်သည့် မိုးလေဝသခန့်မှန်းချက်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက ဒေသအလိုက်၊ ကဏ္ဍအလိုက် အရေးပေါ်တုံ့ပြန်ရေး၊ ကူညီကယ်ဆယ်ရေး၊ ထောက်ပံ့ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှုအခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းကော်မတီ၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်းကော်မတီ၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်း ကော်မတီ၊ ကနဦးလိုအပ်ချက်စစ်တမ်းကောက်ယူရေး၊ လိုအပ်ချက်များ ဆန်းစစ် ဖော်ထုတ်ရေးလုပ်ငန်းကော်မတီ၊ နိုင်ငံတကာဆက်ဆံရေး လုပ်ငန်းကော်မတီ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းကော်မတီနှင့် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီတို့မှ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးများနှင့်တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်၊

ထို့နောက် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ယင်းနောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (၁၀၀)


## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၉-၁၁-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၃၀ | ၃၁၁၅ | ၃၀၉၀ | ၃၀၄၀ | ၃၁၁၅ | ၃၁၂၅ | ၃၁၄၀ | ၃၀၉၅ | ၄၅၄၀ | ၃၂၅၀ | ၃၁၀၀ | ၃၁၂၀ | ၃၁၅၀ | ၃၁၄၀ | ၃၁၅၀ | ၃၅၅၅ | ၄၀၅၀ |
| 95 Ron | ၃၂၁၀ | ၃၂၉၅ | ၃၂၇၀ | ၃၂၂၀ | ၃၂၉၅ | ၃၃၀၅ | ၃၃၂၀ | ၃၂၇၅ | ၄၅၉၅ | ၃၄၃၀ | ၃၂၈၀ | ၃၃၀၀ | ၃၃၃၀ | ၃၃၂၀ | ၃၃၃၀ | ၃၇၃၅ | ၄၂၀၀ |
| HSD (500 ppm) | ၂၆၉၀ | ၂၇၇၀ | ၂၇၄၅ | ၂၇၀၀ | ၂၇၇၅ | ၂၇၈၅ | ၂၈၀၀ | ၂၇၅၅ | - | ၂၉၁၀ | ၂၇၆၀ | ၂၇၇၅ | ၂၈၁၀ | ၂၇၉၅ | ၂၈၁၀ | ၃၂၁၅ | ၄၀၅၀ |
| HSD (50 ppm) | ၃၃၄၅ | ၃၄၂၅ | ၃၄၀၀ | ၃၃၅၅ | ၃၄၃၀ | ၃၄၄၀ | ၃၄၅၅ | ၃၄၀၅ | ၄၈၆၅ | ၃၅၆၅ | ၃၄၁၅ | ၃၄၃၀ | ၃၄၆၅ | ၃၄၅၀ | ၃၄၆၅ | ၃၈၆၅ | - |
| HSD (10 ppm) | ၃၃၄၅ | ၃၄၂၅ | ၃၄၀၀ | ၃၃၅၅ | ၃၄၃၀ | ၃၄၄၀ | ၃၄၅၅ | ၃၄၀၅ | - | ၃၅၆၅ | ၃၄၁၅ | ၃၄၃၀ | ၃၄၆၅ | ၃၄၅၀ | ၃၄၆၅ | ၃၈၆၅ | - |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၇၅ | ၂၉၆၆ |
| 95 Ron | ၃၀၄၉ | ၃၁၄၄ |
| HSD (500 ppm) | ၂၅၄၄ | ၂၆၂၄ |
| HSD (50 ppm) | ၃၁၇၈ | ၃၂၇၁ |
| HSD (10 ppm) | ၃၁၇၈ | ၃၂၇၁ |

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ပထမနှစ်ဝင်ခွင့်ရသူများစာရင်း ထုတ်ပြန်ကြေညာထားမည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**
**ကြေညာချက်**

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့ကြသူများအတွက် ပထမနှစ်ဝင်ခွင့်ရသူများစာရင်းကို ၁၀-၁၁-၂၀၂၄ ရက်တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ Website: https://www. most.gov.mm၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ Website: https://www. dtvet.edu.mm၊ https://www.dtvet.gov.mm နှင့် သက်ဆိုင်ရာအစိုးရနည်းပညာကောလိပ်များတွင် ကြေညာထားမည်ဖြစ်ပါသည်။

နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန

## ပထမနှစ်ဝင်ခွင့်ရသူများစာရင်း ထုတ်ပြန်ကြေညာထားမည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**
**ကြေညာချက်**

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့ကြသူများအတွက် ပထမနှစ်ဝင်ခွင့်ရသူများစာရင်းကို ၁၀-၁၁-၂၀၂၄ ရက်တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ Website: http://www.most.gov.mm၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၏ Website: http://www.dast.edu.mm၊ http:// www.dast.gov.mm နှင့် သက်ဆိုင်ရာ တက္ကသိုလ်များတွင် ကြေညာထားမည်ဖြစ်ပါသည်။

အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပြိုင်ပွဲဝင်မည့် အားကစားသမားများနှင့် အုပ်ချုပ်သူနည်းပြများနေထိုင်မည့် အဆောင်များကို ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၈**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ တည်းခိုရေးစခန်းသို့ သွားရောက်ကာ အမျိုးသားအားကစားပွဲတော်တွင် ပြိုင်ပွဲဝင်မည့် အားကစားသမားများ၊ အုပ်ချုပ်သူနှင့်နည်းပြများ၊ ဒိုင်/ဂျူရီများ အဆင်ပြေစွာတည်းခိုနေထိုင်နိုင်ရန် အဆောင်များပြုပြင်ဆောင်ရွက်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ဆပ်ကော်မတီဝင်များက လာရောက်ကြမည့် အားကစားသမားများ၊ အုပ်ချုပ်သူနှင့်နည်းပြများ၊ ဒိုင်/ ဂျူရီများအဆင်ပြေစွာတည်းခိုနေထိုင်နိုင်ရန်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ဧည့်ခံကျွေးမွေးရန် ပြင်ဆင်ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက တည်းခိုနေထိုင်သူများအတွက် သောက်ရေ/သုံးရေများ လုံလောက်မှုရှိစေရေးနှင့် ကျန်းမာရေးနှင့်အညီ သန့်ရှင်းမှုရှိစေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရန်၊ ဧည့်ခံကျွေးမွေးမည့် အဆောင်များကို သတ်မှတ်ရာတွင် တည်းခိုဆောင်များအလိုက် စနစ်တကျသတ်မှတ်ရန်၊ အစားအစာများကို အလေအလွင့်မရှိစေရန် ကူပွန်စနစ်ဖြင့် စနစ်တကျကြပ်မတ်ဆောင်ရွက်ရန်နှင့် သန့်ရှင်းလတ်ဆတ်သော အစားအစာများဖြစ်စေရေးအတွက် စနစ်တကျစီမံဆောင်ရွက်ကြရန်၊ ဧည့်ခံကျွေးမွေးရာတွင် ပိုမိုကောင်းမွန်မှုရှိစေရန် စားသုံးသူများ၏ အကြံပြုချက်များပေးနိုင်ရန်အတွက် အကြံပြုစာအုပ်များထားရှိဆောင်ရွက်ရန်၊ ပြိုင်ပွဲဝင်အားကစားသမားများတည်းခိုနေထိုင်ရာတွင် ရာသီဥတုနှင့်ကိုက်ညီမှုရှိသော အိပ်ဆောင်သုံးပစ္စည်းများ ထည့်သွင်းအသုံးပြုနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ကြရန်၊ အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက်ဒုတိယဝန်ကြီးသည်တည်းခိုဆောင်များ ပြုပြင်မွမ်းမံနေမှု၊ အဆောင်များပတ်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ညအပူချိန်လျော့နည်းခဲ့သော စခန်းများ၏ ၈-၁၁-၂၀၂၄ ရက်နေ့ အနိမ့်ဆုံးအပူချိန်များ

| မြို့အမည် | ဒီဂရီဆဲလ်စီးယက် | ဒီဂရီဖာရင်ဟိုက် |
|---|---|---|
| ဟားခါးမြို့ | ၅.၈ | ၄၂.၄ |
| တီးတိန်မြို့ | ၁၀.၀ | ၅၀.၀ |
| ပြင်ဦးလွင်မြို့ | ၁၀.၄ | ၅၀.၇ |
| လွိုင်လင်မြို့ | ၁၁.၆ | ၅၂.၉ |
| နမ့်စန်မြို့(ရှမ်းပြည်နယ်တောင်ပိုင်း) | ၁၂.၀ | ၅၃.၆ |

## ကောင်းမှုတစ်ပြည်လုံး တန်ဆောင်မုန်း

❏ ဆီမီးမြိုင် ထိန်ထိန်လင်း
မိုးလေကင်း တန်ဆောင်ခါ။
ကြတ္တိကာ နက္ခတ်ထွန်း
ရွှန်းပစန္ဒာ။
ရာသီက ဖြိုးစွာ
ခဝဲဝါရာသီပန်း။
နှင်းဦးကြွေသာပေစွ
အေးမြ ရွှင်လန်း။

❏ တစ်နှစ်တွင် သည်တစ်လ
တစ်လမှ တစ်ရက်သာ။
ကထိန်လျာ မြတ်သင်္ကန်း
လှူဒါန်းကြည်သာ။
သံဃိက လှူသဒ္ဒါ
ကျိုးရှိန်မှာအမြတ်ဆုံး။
ပြည်နိဗ္ဗာန် ခေမာနန်းကို
မြန်းကြွမည့်ထုံး။

❏ ကထိန်လှူ ကျိုးငါးပါး
ထူးခြားစွ ကုသိုလ်ယူ။
အလှူရှင် မြတ်ရဟန်း
ရစွမ်းအတူ။
ဆက်နွယ်ကြ ကထိန်အလှူ
သန့်စင်ဖြူ မသိုးသင်္ကန်း။
ရက်လုပ်လှူ ညဥ့်မကူး
ထူးမြတ်လှူဒါန်း။

❏ နက္ခတ်စုံ လပြည့်ည
ဆေးပေါင်းခ မဲဇလီ။
သုပ် ၄ ဝေ ဝိုင်းဖွဲ့လွေး
နတ်ဆေးယုံကြည်။
ဆီမီးပွဲရိုးရာစည်
ရွှန်းလက်ကြည် တစ်ပြည်လုံး။
ကောင်းမှုစုံ ခြယ်သီကြတယ်
လတန်ဆောင်မုန်း။ ။

**မောင်မင်းသိမ်း(သရက်)**

★ စာမျက်နှာ ၁၇ မှအဆက်

## Chongqing Planning Exhibition ပြတိုက်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Chongqing Planning Exhibition ပြတိုက်သို့ ရောက်ရှိကြရာ ချုံချင့်မြို့ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြတိုက်မှ တာဝန်ရှိသူများက ပြန်လည်မေးမြန်းဆွေးနွေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ပြတိုက်ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး ပြတိုက်တာဝန်ခံများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ချုံချင့်မြို့ရှိ Yuantongsi သင်္ဘောဆိပ်သို့ရောက်ရှိပြီး ယန်စီမြစ် အတွင်းသင်္ဘောစီး၍ လေ့လာခဲ့ကြကြောင်း ချုံချင့်မြို့၏ ခေတ်အဆက်ဆက် ဖြစ်ပေါ် ပြောင်းလဲတိုးတက်ခဲ့မှုများ၊ ဒေသနေပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်းမြင့်မားတိုးတက်လာမှုနှင့် ရိုးရာယဉ်ကျေးမှု ပုံစံများ၊ မြို့ပြပုံစံငယ်များ၊ ကဏ္ဍပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်နေမှုကိုဖော်ပြထားသည့် အထူးပြုလုပ်ချက်ဗီဒီယိုများ စသည်ဖြင့် ပြကွက်တစ်ခုချင်းစီအလိုက် လိုက်လံရှင်းလင်းပြသကြရာ သိရှိလိုသည်များနှင့် သင်္ဘောပေါ်တွင် လိုက်ပါလာသည့် ချုံချင့်မြို့မှ စီးပွားရေးလုပ်ငန်းရှင်များအား တွေ့ဆုံကာ တရုတ်-မြန်မာ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Chongqing International Logistics Hub Park တွင် ကြည့်ရှုလေ့လာစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Weima လယ်ယာစက်မှုထုတ်ကုန်ကုမ္ပဏီမှ ထုတ်လုပ်ထားသည့်စက်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုလေ့လာစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Chongqing Planning Exhibition ပြတိုက်တွင် မြို့ပြပုံစံငယ်များ ပြသထားရှိမှုကို ကြည့်ရှုလေ့လာစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Chongqing Planning Exhibition ပြတိုက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ယန်စီမြစ်အတွင်း သင်္ဘောပေါ်တွင် ချုံချင့်မြို့မှ စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံဆွေးနွေးစဉ်။

☆ ရှေ့ဖုံးမှအဆက်

လူမှုကယ်ဆယ်ရေးလုပ်ငန်းများတွင် အဆင့်မြင့်ဒရုန်းများအသုံးပြု၍ ကူညီဆောင်ရွက်ခဲ့သည့်မှတ်တမ်း Video ကိုပြသသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကုမ္ပဏီမှထုတ်လုပ်ထားသော လူမှုကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုသည့် အဆင့်မြင့်ဒရုန်းများ ခင်းကျင်းပြသထားရှိမှုကို လိုက်လံကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက အထပ်မြင့်အဆောက်အဦများ၊ တောမီးလောင်ကျွမ်းမှုများနှင့် အခြားသော သဘာဝဘေးကယ်ဆယ်ရေးလုပ်ငန်းတို့တွင်ဒရုန်းများအသုံးပြု၍ ပြုလုပ်ပုံအဆင့်ဆင့်အား ရှင်းလင်းတင်ပြကြပြီး ဒရုန်းဖြင့် မီးငြိမ်းသတ်မှုအား လက်တွေ့သရုပ်ပြသသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကုမ္ပဏီတာဝန်ခံအား ယခုကဲ့သို့ အဆင့်မြင့်နည်းပညာများကို အသုံးပြု၍



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Zhongyue Aviation UAV Firefighting-Drone Co.,Ltd. မှ ထုတ်လုပ်ထားသော လူမှုကယ်ဆယ်ရေးလုပ်ငန်းများတွင်အသုံးပြုသည့် အဆင့်မြင့်ဒရုန်းများ ခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုလေ့လာစဉ်။

ပစ္စည်း ပြန်လည်ပေးအပ်ခဲ့သည်။

## Chongqing International Logistics Hub Park

ဎင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Chongqing International Logistics Hub Park သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး တရုတ်-ဥရောပ-အနောက်နိုင်ငံတို့အကြား ကုန်စည်စီးဆင်းလျက်ရှိသည့် ကုန်းလမ်း၊ ရေလမ်း လမ်းပြမြေပုံ၊ ချုံချင့်မြို့၏ဖွံ့ဖြိုးတိုးတက်မှုသမိုင်း၊ ယန်စီမြစ်ပေါ်ရှိ ကုန်စည်စီးဆင်းမှုဆိပ်ကမ်းများနှင့် လမ်းပန်းဆက်သွယ်ရေးနှင့် မြို့ပြပုံစံငယ်တို့ကို လိုက်လံရှင်းလင်းပြသကြသည်။

ရှင်းလင်းပြသမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးပြီး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က တာဝန်ရှိသူတစ်ဦးအား အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် SERES မော်တော်ကားကုမ္ပဏီသို့ ကြည့်ရှုလေ့လာရာ တာဝန်ရှိသူတစ်ဦးက လိုက်လံရှင်းလင်းပြသစဉ်။

လူသားအကျိုးပြုဒရုန်းများ တီထွင်ထုတ်လုပ်မှုနှင့် ဘေးအန္တရာယ်ကယ်ဆယ်ရေး လုပ်ငန်းများဆောင်ရွက်နိုင်ခဲ့မှုအား ချီးကျူးဂုဏ်ပြုပါကြောင်းဖြင့် ပြောကြားပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

## SERES မော်တော်ကားကုမ္ပဏီ

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် SERES မော်တော်ကားကုမ္ပဏီသို့ သွားရောက်လေ့လာကြရာ ကုမ္ပဏီမှ Chairman ဖြစ်သူ Mr. Li Bo နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ကားစက်ရုံ၏သမိုင်းအကျဉ်း၊ ကုမ္ပဏီမှ ထုတ်လုပ်လျက်ရှိသည့် ကားအမျိုးအစားများကို ပြကွက်တစ်ခုချင်းစီအလိုက်၊ ကားအမျိုးအစားအလိုက် အချက်အလက်များနှင့် စက်ရုံအတွင်းကား ထုတ်လုပ်နေမှုအဆင့်ဆင့်ကို အသေးစိတ်လိုက်လံရှင်းလင်းပြသကြရာ သိရှိလိုသည်များ ပြန်လည်မေးမြန်းခဲ့သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ကုမ္ပဏီမှ ထုတ်လုပ်သည့် မော်တော်ကားပုံစံငယ်ကို ဂါရဝပြုပေးအပ်ရာ အမှတ်တရလက်ဆောင်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် SERES မော်တော်ကားကုမ္ပဏီ၏ စက်ရုံအတွင်း ကားထုတ်လုပ်နေမှု အဆင့်ဆင့်ကို ကြည့်ရှုလေ့လာစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ချုံချင့်မြို့ရှိ Zhongyue Aviation UAV Firefighting-Drone Co.,Ltd. မှ ထုတ်လုပ်သော ဒရုန်းဖြင့် မီးငြိမ်းသတ်မှုအား လက်တွေ့သရုပ်ပြသမှုကို ကြည့်ရှုလေ့လာစဉ်။

## Weima လယ်ယာစက်မှု ထုတ်ကုန်ကုမ္ပဏီ

ထို့နောက် မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Weima လယ်ယာစက်မှုထုတ်ကုန်ကုမ္ပဏီသို့ သွားရောက်လေ့လာကြရာ ဥက္ကဋ္ဌဖြစ်သူ Mr. Yan Hua နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် ကုမ္ပဏီ၏ သမိုင်းအကျဉ်းနှင့် အိမ်နီးချင်းနိုင်ငံများ၊ အရှေ့တောင်အာရှနိုင်ငံများနှင့် ဥရောပနိုင်ငံများသို့ လယ်ယာလုပ်ငန်းသုံးထုတ်ကုန်စက်ပစ္စည်းများ၊ ရေစုပ်စက်၊ မီးစက်၊ နှင်းရှင်းစက်နှင့် လမ်းရှင်းစက်များ တင်ပို့ရောင်းချရလျက်ရှိမှု၊ ကုမ္ပဏီမှ ထုတ်လုပ်ထားရှိသည့်စက်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုနှင့် အဆင့်ဆင့်ထုတ်လုပ်နေမှုတို့ကို လိုက်လံရှင်းလင်းပြသရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့သည်။

စာမျက်နှာ ၁၅ သို့ ★



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား SERES မော်တော်ကားကုမ္ပဏီမှ Chairman ဖြစ်သူ Mr.Li Bo က ကုမ္ပဏီမှထုတ်လုပ်ထားသည့် မော်တော်ကားပုံစံငယ်ကို ဂါရဝပြုပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က SERES မော်တော်ကားကုမ္ပဏီမှ Chairman ဖြစ်သူ Mr.Li Bo အား အမှတ်တရလက်ဆောင်ပစ္စည်း ပြန်လည်ပေးအပ်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ Chongqing International Logistics Hub Park တွင် ကြည့်ရှုလေ့လာစဉ်။

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing meets Mr. Yuan Jiajun, Secretary of the CPC Chongqing Municipal Committee



Senior General Min Aung Hlaing meets Mr. Yuan Jiajun, Secretary of the CPC Chongqing Municipal Committee.

NAY PYI TAW November 8

Senior General Min Aung Hlaing, Chairman of the State Administration Council (SAC), Prime Minister, who arrived in Chongqing, the People's Republic of China, met with Mr. Yuan Jiajun, member of the Central Committee of the Communist Party of China and Secretary of Chongqing Municipal Party Committee at the lobby of Yuzhou Hotel today evening.

First, the Chairman of the SAC, the Prime Minister and members were warmly greeted by Mr. Yuan Jiajun and they took documentary photos.

They then engaged in an open discussion on the development progress of Chongqing City, located at the heart of the People's Republic of China, and the status of Myanmar-Chongqing economic cooperation following the SAC Chairman's visit to Chongqing. The conversation also covered the prospects for continued cooperation based on technical advantages and the road communication hub, as well as potential collaboration



Senior General Min Aung Hlaing attends dinner hosted by Mr. Yuan Jiajun, Secretary of the CPC Chongqing Municipal Committee.

in science and technology, cultural exchanges, education, and tourism development between the two regions.

The meeting was attended by the Joint Secretary of the Council, General Ye Win Oo, and senior officers and officials and the Ambassador of Myanmar to China. Along with the secretary of Chongqing Municipal Party Committee, the Chinese Ambassador to Myanmar and officials attended.

After the meeting, the Chairman of the SAC, the Prime Minister and Chongqing Municipal Party Committee secretary warmly greeted the attendees.

After that, it was reported that the Chairman of the SAC, the Prime Minister, and members had dinner together hosted by the secretary of the Chongqing Municipal Party Committee.

The Senior General and party will continue to go on inspection tours to landmarks, factories, workshops and universities in the People's Republic of China. **100**

# Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing held talks with Prime Minister of Thailand H.E. Ms. Paetongtarn Shinawatra, who is in Kunming, the People's Republic of China to attend summits

NAY PYI TAW November 8

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing held talks with Prime Minister of Thailand H.E. Ms. Paetongtarn Shinawatra, who is in Kunming, the People's Republic of China to attend summits including 8th Greater Mekong Subregion Economic Cooperation Program (GMS) Summit at Wyndham Grand hotel in Kunming yesterday afternoon.

At the meeting views on the impact of one's issues on another between Myanmar and Thailand that are indivisible good neighborly friends, peace and stability, rule of law and development undertakings at the common border, anti-transnational crime, counternarcotics and anti-online gambling, border trade, investment and economic promotion, labour affairs, promotion of ministry-to-ministry and department-to-department cooperation between the two countries, latest political developments in Myanmar and the progress made in line with the adopted objectives, preparations to successfully hold a free and fair multiparty general election were exchanged in a cordial atmosphere.

After the meeting the Senior General and the Thai PM cor-dially greeted the attendees.

**100**

Senior General Min Aung Hlaing meets Prime Minister of Thailand H.E. Ms. Paetongtarn Shinawatra.



# High-level Myanmar delegation led by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing arrives in Chongqing, meets staff and families of Consulate-General and scholars

NAY PYI TAW November 8

High-level Myanmar delegation led by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing that attended summits including the 8th Greater Mekong Subregion (GMS) Summit in Kunming, the People's Republic of China left Kunming International Airport for Chongqing yesterday evening and was seen off at the airport by Mr. Yang Yalin, Standing Committee member of Chinese Communist Party, and officials, and Chinese traditional cultural troupes waving miniature flags of the two countries and performing folk dances.

The Senior General and party arrived at Chongqing Jiangbei International Airport in the late evening and were warmly welcomed by Vice Governor of Chongqing Mr. Shang Kui and members, Consul General of Myanmar Consulate-General U Kyaw Zeya Lin and officials by presenting bouquets.

This morning, the Senior General and party met staff and families of the Myanmar Consulate-General in Chongqing and scholars.

First, the Senior General and party were warmly welcomed by the staff and families. Then the Senior General looked around the Consulate-General and attended to the needs of officials.



Senior General Min Aung Hlaing presents gifts for consulate staff families.

At the meeting with staff and families of the Consulate-General and scholars, the Consul General reported on undertakings to promote cooperation in multi-sectors including economic, education and health fields. In response, the Senior General said personnel of the Consulate-General should be able to successfully perform their duties in other areas, in addition to diplomatic relations. They should be able to generate opportunities for mutually beneficial economic undertakings, export and import services and investments between the two countries. In this way, there will be progress in interactions, leading to serving the interest of the peoples of both countries more and helping develop the national economy. As production of a large number of human resources is the foundation of a region's development, the diplomatic staff should also take part in education promotion activities. They must improve the country's image through self-control, dutifulness and hospitality. They should be able to promote national pride by setting up the main supportive platform for Myanmar-China friendship and trade.




Senior General Min Aung Hlaing signs the visitors' book of the Consulate-General.

The Senior General presented gifts and cash awards for Consulate-General staff and families through the Consul General and to scholars.

The Senior General signed the visitors book of the Consulate-General and cordially greeted staff and families and scholars.

100

■■ From Page - 20

impacts of storms similar to Typhoon Yagi again.

Myanmar has high humidity of soil with lesser compactness due to many rainfalls and flash flood this monsoon. If the country faces many rainfalls like that of Typhoon Yagi, some regions and states will suffer loss and damage. As such, preparations must be done in advance. In this regard, it is necessary to release early warnings, set the safer places for displaced persons from the flood-ravaged areas, stockpile purified drinking water and foods in advance, group heavy machinery and vehicles to transport affected people, manage evacuation of the people in time, and organize the people who refuse to move under the natural disaster management law. Taking lessons from loss and damage in the occurrences of Typhoon Yagi, necessary preparations must be done. All need to cooperate with each other in necessary preparations to minimize loss and waste.

Regarding the flooding caused by typhoon Yagi, emergency response operations were carried out in the affected regions under the direct leadership and guidance of the Chairman of the State Administration Council. Following these directives, the National Committee promptly implemented necessary actions, including providing essential support to affected areas, assisting those who suffered casualties, injuries, or loss of homes, and distributing emergency food supplies. Over Ks-25 billion were allocated for these activities.

Additionally, efforts to restore sectors such as education, healthcare, agriculture, livestock breeding, and transportation are progressing rapidly under the supervision of responsible authorities, accelerating the overall recovery process.

Using state emergency funds and donations from benefactors, repairs were swiftly made to schools in flood-affected areas, enabling the reopening of all basic education schools within a month of the disaster. The authorities expressed gratitude to donors for their generous contributions, which made these recovery efforts possible. Furthermore, essential seeds and veterinary medicines were provided for agricultural and livestock operations, along with ongoing support in these sectors.

While recovery efforts are underway, it was emphasized that preparations must also be made to address potential future natural disasters. Relevant union-level ministries, organizations, committees, and regional/state governments, including the Nay Pyi Taw Council, were urged to proactively prepare for weather-related risks and report any support needed from the union level.

Vice Chairmen of the committee, Union Ministers Lt-Gen Yar Pyae and Dr. Soe Win, discussed ongoing efforts to establish emergency response teams in each region to minimize damage from potential natural disasters, supported by the National Natural Disaster Management Fund for procuring necessary relief supplies.

The Director General of the Department of Meteorology and Hydrology under the Ministry of Transport and Communications presented updates on the trajectory of Typhoon Yinxing over the South China Sea and related weather forecasts.

Committee members, the Chairman of the Nay Pyi Taw Council and Chief Ministers of regions and states, reported on emergency response, relief, support, and recovery preparations tailored to their respective areas and sectors.

Subsequently, chairmen of the News and Information Committee, the Health Management Committee, the Transport and Communication Committee, the Initial Needs Assessment and Identification Committee, the International Relations Committee, the Livelihood Restoration Committee, the Environmental Conservation Committee, and the Rehabilitation and Reconstruction Committee, who are Union Ministers, and officials provided updates on their sector-specific activities.

Union Ministers and officials in attendance also discussed disaster preparedness measures across various sectors, fostering collaborative discussions and exchanging suggestions.

Finally, Vice-Senior General Soe Win summarized and coordinated the necessary actions based on the discussions. He delivered closing remarks before officially concluding the meeting.

100

From Page - 21

the factory to the Senior General, who presented gifts to the officials.

**Chongqing International Logistics Hub Park**

Afterward, the Senior General and party arrived at Chongqing International Logistics Hub Park and were welcomed by officials of the park. Then, officials of the park explained land and sea routes of commodity flow between China, Europe and the West, development history of Chongqing, ports along the Yangtze River, transportation and the scale model of the city to the Senior General and party. The Senior General asked questions about interesting things and signed the guest book.

**Weima Agricultural Machinery Company**

In the afternoon, the Senior General and party went to Weima Agricultural Machinery Company and were greeted by Chairman Mr. Yan Hua and officials. Responsible officials explained the brief history of the company, exports of agricultural machinery, pumps, generators, snow removal equipment and street cleaning sweepers export to neighbouring countries and European countries, machines produced by the company and production processes to the Senior General and party. The Senior General asked questions about interesting things to the officials.



Senior General Min Aung Hlaing visits Chongqing International Logistics Hub Park.



Senior General Min Aung Hlaing visits Chongqing Planning Exhibition Gallery.

**Chongqing Planning Exhibition Gallery**

Then, the Senior General and party arrived at the Chongqing Planning Exhibition Gallery and were welcomed by the deputy mayor and officials.

Officials of the gallery explained the development of Chongqing in successive eras, rising living standards of residents, traditional cultures, and scale models of the city to the Senior General and party before screening videos depicting development in multiple sectors. The Senior General asked questions about interesting things to the officials. Then, the Senior General signed the guest book of the gallery and cordially greeted the officials.

In the evening, the Senior General and party arrived at Yuantongsi Port and went on a cruise along the Yangtze River. The Senior General met with entrepreneurs from Chongqing on the cruise and frankly exchanged views on China-Myanmar economic cooperation and investments.

**100**

# SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win delivers speech at the coordination meeting of the National Disaster Management Committee

NAY PYI TAW November 8

The National Disaster Management Work Committee held the coordination meeting at the assembly hall of the Ministry of Social Welfare, Relief and Resettlement in Nay Pyi Taw this afternoon, with an address by Chairman of the Management Committee Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win.

The meeting was also attended by Union ministers, the Nay Pyi Taw Chairman, deputy ministers, senior Tatmadaw officers from the Office of the Commander-in-Chief, departmental heads and officials together with chief ministers of regions and states who are chairmen of regional and state natural disaster management committees and officials through a video conferencing.

In his opening address, the Vice-Senior General said that currently, many countries around the world are experiencing the effects of climate change, encountering severe natural disasters such as flash flooding and the occurrence of powerful storms. In the United States, during September and October of 2024, powerful hurricanes Helene, Milton, and Leslie occurred over the span of two weeks, causing millions of people to relocate and resulting in billions of US dollars in damage. Additionally, in recent days, it was found that over 200 people died due to floods in Spain. Similarly, the Philippines also experienced significant damage and losses due to natural disasters.

Similar to other countries, Myanmar is also facing natural disasters based on climate change and it is included in the list of most possibility of loss and damage in natural disasters. At present, whirlwinds which moved from the South China Sea, facing of occurrences between warm winds from the Andaman Sea and the Bay of Bengal cold winds from the high press area of China mainland may cause instability of atmosphere in the Andaman Sea and the Southeast of Bay of Bengal despite passing the monsoon period. Hence, heavy rains may cause in coming days, according to the Department of Meteorology and Hydrology. On 7 November, Pyu Township of Bago Region was hit by heavy rains with some eight inches of rainfall.

Moreover, news showed that Typhoon Yinxing entered the Philippines on 7 November and then heads to the west and northwestward. It was noted that the route of such typhoon is similar to that of Typhoon Yagi. Recently, Typhoon Yagi crossed the Philippines on 2 September, Vietnam on 7 September and Myanmar on 8 and 9 September. At present, the central Myanmar and Shan State suffered impacts of heavy rains and flash flood triggered by Typhoon Yagi in coincided with a small storm from the depression in the Bay of Bengal. Now, clashes of the cold and warm air streams stipulate raining in Myanmar whereas Typhoon Yinxing from the Philippines heads to Vietnam. As such, preparations must be made to provide necessary aid for the people with considerations over the possible heavy rains, flash flood and landslides.



Vice-Senior General Soe Win delivers a speech at the coordination meeting of the National Disaster Management Committee.

According to the press releases of the Department of Meteorology and Hydrology under the Ministry of Transport and Communications and international meteorological centres, Myanmar is expected to face some raining less than usual from 8 to 17 November. However, it is necessary to make preparations and conduct rehearsals not to cause

See Page - 19

# High-level Myanmar delegation led by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing visits factories in Chongqing, China





Senior General Min Aung Hlaing visits SERES Auto Company.

NAY PYI TAW November 8

High-level Myanmar delegation led by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing went on a tour of inspection at factories in Chongqing today.

**Zhongyue Aviation UAV Firefighting-Drone Co.Ltd.**

First, the Senior General and party arrived at Zhongyue Aviation UAV Firefighting-Drone Co.Ltd. and they were welcomed by Founder & Chairman of the company Mr. CAO, Bing and officials, who later explained the brief history of the company, yearly development and research, awards presented by local and foreign organizations for contribution to the cause of human to the Senior General and party and screened a documentary video of social rescue operations conducted by using advanced drones at the exhibition hall of the company.

Then, the Senior General and party viewed the advanced drones for rescue operations produced by the company. Company officials explained the process of using drones for firefighting in highrise buildings, forest fires and other natural disasters to the Senior General and party and demonstrated firefighting by using drones.

Then, the Senior General praised the in-charge of the company for manufacturing drones to contribute to the cause of humanity by using high-tech and rescue operations and presented gifts.

**SERES Auto Company**

Afterward, the Senior General and party proceeded to SERES Auto Company and were welcomed by Chairman of the company Mr. Li Bo and officials. Responsible officials explained the brief history of the automobile factory, models of cars manufactured by the company, salient points of car models and the assembly line in detail to the Senior General and party, who asked questions about interesting points. Then, company officials presented a miniature model car manufactured at

**See Page - 20**



Senior General Min Aung Hlaing views agricultural machines.



Senior General Min Aung Hlaing observes advanced drones for rescue operations.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှ ပထမဆုရရှင်တို့၏ ပြိုင်ပွဲဝင်ပုံရိပ်များ



ကာလပေါ်/ခေတ်ဟောင်းတေးအခြေခံပညာ(၁၀-၁၅)(အမျိုးသား)အဆိုပြိုင်ပွဲတွင် ပူးတွဲပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးမှ မောင်ကောင်းပြည့်ဟိန်း "ကိုယ့်ရပ်ဌာနေ"သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။



အဆင့်မြင့်ပညာ(အမျိုးသား)စန္ဒရားအတီးပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်းဒေသကြီးမှ မောင်ဝင်းမင်းခန့် "မှော်ရုံဟောဝန်" (ယိုးဒယား) သီချင်းဖြင့်ယှဉ်ပြိုင်စဉ်။



ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသမီး)အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေးအဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်ထက်ဇေရီလွင် "ဂီတရေစီးကြောင်း"သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။




အဆင့်မြင့်ပညာ(အမျိုးသား) ဆိုင်းအဖွဲ့လိုက်အတီးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ဟိန်းမေတ္တာနှင့်အဖွဲ့ တီးခတ်ယှဉ်ပြိုင်စဉ်။




အခြေခံပညာ(၁၅-၂၀)(အမျိုးသား) ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ညီမင်းအောင် "ရဂုံဟေမန်"(ပတ်ပျိုး)သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။




ကာလပေါ်/ခေတ်ဟောင်းတေးအခြေခံပညာ(၁၀-၁၅)(အမျိုးသမီး) အဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မသွန်းဝတီထွန်း "မြန်မာ့ဂီတ လှပဝေဆာ"သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။

# မြောက်ကိုရီးယားက နျူကလီးယားဖြင့်တိုက်ခိုက်ရန်ပြင်ဆင်လျှင် အမေရိကန်-တောင်ကိုရီးယားက လက်ဦးမှုယူတိုက်ခိုက်မည်ဟု ယွန်ဆက်ယိုပြော

**ဆိုး၊ စစ်ရေး**

မြောက်ကိုရီးယားနိုင်ငံက တောင်ကိုရီးယားနိုင်ငံကို နျူကလီးယားလက်နက်ဖြင့် တိုက်ခိုက်ရန်ပြင်ဆင်ပါက အမေရိကန်-တောင်ကိုရီးယား မဟာမိတ်အဖွဲ့က လက်ဦးမှုယူ၍ မြောက်ကိုရီးယားကိုတိုက်ခိုက်သွားမည်ဖြစ်ကြောင်း တောင်ကိုရီးယားသမ္မတယွန်ဆက်ယိုက အင်တာဗျူးတစ်ခုတွင်ပြောသည်။

"မြောက်ကိုရီးယားအနေနဲ့ တောင်ကိုရီးယားကိုတိုက်ခိုက်ဖို့ ဆုံးဖြတ်မယ်ဆိုရင် ဒါက သိပ်တော့ယုတ္တိမရှိပါဘူး။ ဒါပေမဲ့ သူတို့အနေနဲ့ အဲဒီလိုလုပ်လာရင်လည်း ကျွန်တော်တို့က မြောက်ကိုရီးယားကို အမေရိကန်ရဲ့ နျူကလီးယားလက်နက်တွေနဲ့ ချက်ချင်းတိုက်ခိုက်သွားမှာပါ" ဟု ယွန်ဆက်ယိုက အမေရိကန်မဂ္ဂဇင်းတစ်စောင်ဖြစ်သည့် Newsweek နှင့်အင်တာဗျူးတွင်ပြောထားသည်။

ထို့ပြင် တောင်ကိုရီးယားနိုင်ငံကလည်း ကိုယ်ပိုင်ကာကွယ်ရေးနှင့်တိုက်ခိုက်ရေး စွမ်းရည်များကို တိုးမြှင့်လျက်ရှိကြောင်း၊ မြောက်ကိုရီးယား၏နျူကလီးယားခြိမ်းခြောက်မှုများကို အမေရိကန်နှင့်သဘောတူထားသည့် နျူကလီးယားအတိုင်ပင်ခံအဖွဲ့မှတစ်ဆင့် တုံ့ပြန်မည်ဖြစ်ကြောင်း ယွန်ဆက်ယိုကပြောထားသည်။

မြောက်ကိုရီးယားက ပြီးခဲ့သည့်သီတင်းပတ်တွင် စွမ်းဆောင်ရည်မြင့်တိုက်ချင်းပစ်ဒုံးကျည်အသစ်တစ်မျိုးကို စမ်းသပ်ထားပြီး တောင်ကိုရီးယားနိုင်ငံက ယင်းစမ်းသပ်မှုကိုတုံ့ပြန်သည့်အနေဖြင့် နိုဝင်ဘာလ ၇ ရက်တွင် Hyunmoo-II အမြင့်ပျံဒုံးကျည်တစ်စင်းကို ပင်လယ်ဝါအတွင်းရှိသဏ္ဌာန်တူပစ်မှတ်ဆီပစ်လွှတ်လိုက်ကြောင်းသိရသည်။ **Ref: RT, KH**



# အမ်စတာဒမ်၌ အစ္စရေးအသင်း၏ဘောလုံးပွဲပြီးနောက် ဆူပူအုံကြွမှုဖြစ်ပွား

**အမ်စတာဒမ်၊ ဆူပူအုံကြွမှု**

နယ်သာလန်နိုင်ငံ အမ်စတာဒမ်မြို့၌ နိုဝင်ဘာလ ၇ ရက်ညပိုင်းတွင် နယ်ခံဘောလုံးအသင်းဖြစ်သော အေဂျက်အသင်းနှင့် အစ္စရေးမှ မက်ကာဘီတဲအဗစ်အသင်းတို့ ကစားသည့် ဘောလုံးပွဲစဉ်ပြီးနောက် ဆူပူအုံကြွမှုဖြစ်ပွားကြောင်း ရဲတပ်ဖွဲ့က နိုဝင်ဘာလ ၈ ရက်တွင်ထုတ်ပြန်သည်။

အဆိုပါဆူပူအုံကြွမှုအတွင်း လူငါးဦး ဆေးရုံတင်ရကာ ထိုဖြစ်စဉ်နှင့်ပတ်သက်၍ လူ ၆၂ ဦးကိုဖမ်းဆီးထားသည်ဟုရဲတပ်ဖွဲ့၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

လူမှုကွန်ရက်တွင်တက်လာသည့်ဗီဒီယိုများအရ ဘောလုံးပွဲပြီးနောက် အစ္စရေးနိုင်ငံသားများ တည်းခိုနေထိုင်နေသည့် ဟိုတယ်များအတွင်းသို့ နှာခေါင်းစည်းတပ်ထားသောသူများက အတင်းဝင်ရောက်ရန် ကြိုးပမ်းရာမှ ဆူပူအုံကြွမှုများဖြစ်ပွားရခြင်းဖြစ်သည်ကိုတွေ့ရသည်။

ပါလက်စတိုင်းလိုလားသူများက အစ္စရေးပြည်သူများအပေါ် ပစ်မှတ်ထားပြီး တိုက်ခိုက်ခြင်းကြောင့် ဆူပူအုံကြွမှုဖြစ်ရခြင်းဖြစ်ကြောင်းနှင့် အစ္စရေးအစိုးရက အမ်စတာဒမ်သို့ ကယ်ဆယ်ရေးလေယာဉ်များစေလွှတ်ကာ အစ္စရေးပြည်သူများကို ကယ်ထုတ်သွားမည်ဖြစ်ကြောင်းသိရသည်။ **Ref: Sputnik**



# စင်ကာပူ၌ အလယ်တန်းကျောင်းသားလေးဦးလျှင်တစ်ဦးက ကျောင်းတွင်းအနိုင်ကျင့်ခံနေရ

**စင်ကာပူ၊ ပြည်တွင်းရေး**

စင်ကာပူနိုင်ငံရှိ အလယ်တန်းကျောင်းသားလေးဦးလျှင်တစ်ဦးက ကျောင်းတွင်းအနိုင်ကျင့်ခံနေရကြောင်း အမျိုးသားပညာရေးဌာနကလုပ်ဆောင်သော သုတေသနတစ်ခုတွင်ဖော်ပြထားသည်။

ပြီးခဲ့သည့်လများအတွင်း ကလေးများနှင့်ဆယ်ကျော်သက်များ အနိုင်ကျင့်ခံနေရသည့်ဗီဒီယိုများ လူမှုကွန်ရက်တွင်တက်လာပြီးနောက် စင်ကာပူကလေးသူငယ်ဆိုင်ရာအဖွဲ့အစည်းနှင့် စင်ကာပူအမျိုးသားတက္ကသိုလ်တို့ကပူးတွဲ၍ လေ့လာမှုစစ်တမ်းများကောက်ယူခဲ့ခြင်းဖြစ်သည်။

သုတေသီများက ကျောင်းသား ၅၈၁ ဦးကိုစစ်တမ်းကောက်ယူစဉ် ကလေးငယ် ၂၃ ရာခိုင်နှုန်းက ၎င်းတို့သည်ပြီးခဲ့သည့် နှစ်လမှသုံးလအတွင်း အနိုင်ကျင့်ခံရမှုရှိသည်ဟု ပြန်ဖြေခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ယင်းသို့အနိုင်ကျင့်ခံရခြင်းကို ကျောင်းမှဆရာများကိုဦးစွာပြောရမည့်အစား ၎င်းတို့၏သူငယ်ချင်းများနှင့် မိဘများကို ဦးစွာပြောနေကြောင်း တွေ့ရှိရသည်ဟု သုတေသီများ၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ **Ref: RTA**

## သတင်းတိုကဏ္ဍ

# ပင်လယ်ရေကြောင်းဥပဒေအသစ်များပြဌာန်းမှုအတွက် တရုတ်က ဖိလစ်ပိုင်သံအမတ်ကြီးကို ဆင့်ခေါ်ကန့်ကွက်

ဖိလစ်ပိုင်အစိုးရက တောင်တရုတ်ပင်လယ်အတွင်းရှိ အငြင်းပွားရေပိုင်နက်နှင့်ပတ်သက်၍ ပင်လယ်ရေကြောင်းဥပဒေအသစ်နှစ်ခုကိုပြဌာန်းပြီးနောက် နိုဝင်ဘာလ ၈ ရက်တွင် တရုတ်အစိုးရက ဖိလစ်ပိုင်သံအမတ်ကြီးကိုဆင့်ခေါ်၍ကန့်ကွက်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနကထုတ်ပြန်ထားသည်။

ဖိလစ်ပိုင်သမ္မတဖာဒီနန်မားကို့စ်ဂျူနီယာက ပင်လယ်ရေကြောင်းဇုန်များအက်ဥပဒေနှင့် ကျွန်းဆွယ်နှင့်သက်ဆိုင်သည့် ပင်လယ်ရေလမ်းကြောင်းအက်ဥပဒေတို့ကို လက်မှတ်ထိုးပြီးနောက် တရုတ်အစိုးရက ဖိလစ်ပိုင်သံအမတ်ကြီးကိုဆင့်ခေါ်ခြင်းဖြစ်သည်။ ဖိလစ်ပိုင်၏ပင်လယ်ရေကြောင်းဇုန်များအက်ဥပဒေတွင် တရုတ်နိုင်ငံက ပိုင်ဆိုင်သော ကျွန်းအချို့နှင့် ပင်လယ်ရေပိုင်နက်များကို ဖိလစ်ပိုင်နိုင်ငံပိုင်အဖြစ်သတ်မှတ်ထားမှုပါဝင်နေကြောင်း တရုတ်အစိုးရကပြောသည်။ ထို့ပြင် ဖိလစ်ပိုင်အနေဖြင့် တရုတ်နိုင်ငံ၏ပိုင်နက်နယ်မြေ တည်တံ့ခိုင်မြဲမှုကို လေးစားရမည်ဖြစ်ကြောင်းတရုတ်အစိုးရကပြောသည်။ **Ref: RTA**

# ယူကရိန်းအနေဖြင့် ကြားနေနိုင်ငံဖြစ်မှသာ စစ်မှန်သောလွတ်လပ်မှုရရှိမည်ဟု ပူတင်ပြော

ယူကရိန်းနိုင်ငံသည် အနောက်အုပ်စု၏ခြယ်လှယ်မှုကိုမနာခံဘဲ ကြားနေနိုင်ငံအဖြစ်ရပ်တည်မှသာ စစ်မှန်သောလွတ်လပ်မှုနှင့်အချုပ်အခြာအာဏာကိုရရှိမည်ဖြစ်ကြောင်း ရုရှားသမ္မတဗလာဒီမာပူတင်ကပြောသည်။

ထို့ပြင် ယူကရိန်းကကြားနေနိုင်ငံဖြစ်ရေးသည် ရုရှား-ယူကရိန်းပဋိပက္ခအဆုံးသတ်ရေးအတွက် အဓိကကျသော မရှိမဖြစ်လိုအပ်ချက်များတွင် တစ်ခုအဖြစ်ပါဝင်ကြောင်း ပူတင်ကပြောထားသည်။

အလားတူ ကြားနေနိုင်ငံမဖြစ်သမျှကာလပတ်လုံး ယူကရိန်းနိုင်ငံနှင့်ရုရှားနိုင်ငံတို့ကြား ကောင်းမွန်သောအိမ်နီးချင်းဆက်ဆံရေးရှိနိုင်မည် မဟုတ်ကြောင်း ရုရှားသမ္မတကဆက်ပြောထားသည်။

ရုရှား-ယူကရိန်းပဋိပက္ခကို ၂၄ နာရီအတွင်းဖြေရှင်းပေးမည်ဟုကတိပြုထားသော ဒေါ်နယ်ထရမ့်ကအမေရိကန်သမ္မတအဖြစ်ရွေးကောက်ခံရပြီးနောက် ရုရှားဘက်က ယခုကဲ့သို့ပြောဆိုမှုများလုပ်လာခြင်းဖြစ်ကြောင်းသိရသည်။ **Ref: RT**

# လီဝိုတိုဘီလာကီလာကီမီးတောင်လှုပ်ခတ်မှုများကြောင့် မီးတောင်ပြာများ ၁၀ ကီလိုမီတာအမြင့်ထိရောက်ရှိ

အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်းရှိ လီဝိုတိုဘီလာကီလာကီမီးတောင်သည် နိုဝင်ဘာလ ၈ ရက်တွင်လှုပ်ခတ်မှုများဖြစ်ပွားရာ မီးတောင်ပြာများမှာ အမြင့် ၁၀ ကီလိုမီတာအထိရောက်ရှိကြောင်းသိရသည်။

ထိုမီးတောင်သည် ယခုသီတင်းပတ်အတွင်းမှာပင် ပေါက်ကွဲမှုများနှင့်လှုပ်ခတ်မှုများ ၁၂ ကြိမ်ကျော်ဖြစ်ပွားရာ လူ ၁၀ ဦးသေဆုံးထားသည်။

ယခုမီးတောင်လှုပ်ခတ်မှုများသည် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၅၅ မိနစ်နှင့် ၁ နာရီ ၅၆ မိနစ်တို့တွင်ဖြစ်ပွားခြင်းဖြစ်ပြီး မီးတောင်မှပြာများသည် အမြင့်ရှစ်ကီလိုမီတာမှ ၁၀ ကီလိုမီတာအထိရောက်ရှိခြင်းဖြစ်သည်။

အလားတူ တာဝန်ရှိသူများသည် မီးတောင်မှဘေးကင်းရာနယ်မြေကိုတိုးမြှင့်သတ်မှတ်လိုက်ပြီး ပြည်သူများအနေဖြင့် မီးတောင်ပတ်ပတ်လည် ရှစ်ကီလိုမီတာအတွင်းသို့ ဝင်ရောက်ခြင်းမပြုရန်ညွှန်ကြားထားသည်။ ထိုမီးတောင်သည် နိုဝင်ဘာလ ၃ ရက်မှစ၍ ပေါက်ကွဲမှုများနှင့် လှုပ်ခတ်မှုများ ဖြစ်ပွားခြင်းဖြစ်ကြောင်းသိရသည်။ **Ref: TST**

# မီးခိုးများကြောင့် ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ်၌ အများနှင့်သက်ဆိုင်သောနေရာများကို ပိတ်ထား

မီးခိုးမြူများထူထပ်မှုနှင့်ရင်ဆိုင်နေရသော ပါကစ္စတန်နိုင်ငံ၏ လူဦးရေအထူထပ်ဆုံး ပန်ဂျပ်ပြည်နယ်တွင် အများနှင့်သက်ဆိုင်သောနေရာများကို ပိတ်ထားကြောင်း တာဝန်ရှိသူများက နိုဝင်ဘာလ ၈ ရက်တွင်ပြောသည်။

အများနှင့်သက်ဆိုင်သောနေရာများဖြစ်သည့် ပန်းခြံများ၊ တိရစ္ဆာန်ရုံများ၊ ကစားကွင်းများ၊ သမိုင်းဝင်အဆောက်အအုံများ၊ ပြတိုက်များနှင့် အပန်းဖြေနေရာများကို နိုဝင်ဘာလ ၁၇ ရက်အထိပိတ်ထားမည်ဖြစ်ကြောင်း ပြည်နယ်အစိုးရအဖွဲ့က ထုတ်ပြန်ထားသည်။

ပါကစ္စတန်နိုင်ငံ၏မြို့တော်ဖြစ်သော လာဟိုးမြို့၌ လေထုညစ်ညမ်းမှုပမာဏသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကလက်ခံနိုင်သောပမာဏထက် အဆ ၂၀ ကျော်လွန်နေပြီး ပန်ဂျပ်ပြည်နယ်၏ မူတန်မြို့၌ ၄၈ ဆကျော်လွန်နေသည်။

ပန်ဂျပ်ပြည်နယ်ရှိစာသင်ကျောင်းများကိုမူ နိုဝင်ဘာလ ၅ ရက်မှ ၁၇ ရက်အထိ ပိတ်ထားပြီးဖြစ်ကြောင်း တာဝန်ရှိသူများကပြောသည်။ **Ref: TST**

အထူး
မိုးလေဝသသတင်း

# မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းများဖြစ်ပေါ်နိုင်

**နေပြည်တော် နိုဝင်ဘာ ၈**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်မှ ရွေ့လျားလာသောလေပွေလှိုင်းများကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိလေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသောလေအေးများတွေ့ဆုံမှုကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း ယနေ့မွန်းလွဲမှ နိုဝင်ဘာလ ၉ ရက်နေ့အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်မိုးကြီးခြင်း၊ နေရာကွက်၍ မိုးကြီးခြင်းများဖြစ်ပေါ်နိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၈-၁၁-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် (၀၆:၃၀)နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၉-၁၁-၂၀၂၄ ရက်နေ့ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




# ၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်း ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

**နေပြည်တော် နိုဝင်ဘာ ၈**

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner ၊ Air Quality Monitoring Station (AQM–65) ၊ Scentroid (SL – 50 Scential) ၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$) ၊ Particulate Matter 10 ($PM_{10}$) ၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$) ၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

<table>
<tr><th rowspan="2">စဉ်</th><th rowspan="2" colspan="2">ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ပြည်နယ် တိုင်းတာသည့်နေရာ</th><th colspan="6">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>ဆာလဖာဒိုင် အောက်ဆိုဒ်</th><th>နိုက်ထရိုဂျင်ဒိုင် အောက်ဆိုဒ်</th><th>အိုဇုန်း</th><th>ကာဗွန်မိုနောက်ဆိုဒ်</th></tr>
<tr><td>၁</td><td colspan="8">ပြည်ထောင်စုနယ်မြေ နေပြည်တော်</td></tr>
<tr><td></td><td>၁</td><td>ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၂</td><td colspan="8">ရန်ကုန်တိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သာကေတမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>သန်လျင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၅</td><td>ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၃</td><td colspan="8">မန္တလေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>အမရပူရမြို့နယ်၊ မန္တလေးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>အောင်မြေသာစံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ပုသိမ်ကြီးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>ညောင်ဦးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၅</td><td>ကျောက်ဆည်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၆</td><td>ပြင်ဦးလွင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၇</td><td>မိတ္ထီလာမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၄</td><td colspan="8">စစ်ကိုင်းတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မုံရွာမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ကသာမြို့</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td><td>လက်ခံနိုင်သော</td></tr>
<tr><td></td><td>၃</td><td>ဟုမ္မလင်းမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>လဟယ်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၅</td><td colspan="8">တနင်္သာရီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ထားဝယ်မြို့</td><td></td><td colspan="3">ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
<tr><td>၆</td><td colspan="8">ပဲခူးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပဲခူးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၇</td><td colspan="8">မကွေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မကွေးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သရက်မြို့</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
<tr><td>၈</td><td colspan="8">ဧရာဝတီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပုသိမ်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၉</td><td colspan="8">ကရင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>ဘားအံမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>မြဝတီမြို့</td><td colspan="2">ကောင်းမွန်</td><td>ခံနိုင်ရည် နည်းပါးသူများ အတွက်သာ ထိခိုက်နိုင်</td><td>လက်ခံနိုင်သော</td><td colspan="2">ကောင်းမွန်</td></tr>
<tr><td>၁၀</td><td colspan="8">မွန်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>မော်လမြိုင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="3">ကောင်းမွန်</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သထုံမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၁၁</td><td colspan="8">ရှမ်းပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>တောင်ကြီးမြို့</td><td></td><td colspan="3">ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ကျိုင်းတုံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5"></td></tr>
<tr><td></td><td>၃</td><td>တာချီလိတ်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5"></td></tr>
</table>

## လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0-50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51-100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101-150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကိုထိခိုက်စေနိုင်သောအဆင့် |
| 151-200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201-300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301-500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

# ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းများ ဆောင်ရွက်နေသော အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် တွေ့ဆုံဆွေးနွေး



နေပြည်တော် နိုဝင်ဘာ ၈

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှီအန်းမြို့၌ ကျင်းပသည့် တတိယအကြိမ်မြောက် ကမ္ဘာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာ ညီလာခံသို့ တက်ရောက်နေစဉ်အတွင်း ဆူဒန်နိုင်ငံ စွမ်းအင်နှင့်ရေနံဝန်ကြီး၊ တရုတ်နိုင်ငံဆိုင်ရာ အာရပ်နိုင်ငံများအဖွဲ့ချုပ်၏ သံအမတ်ကြီးတို့အပြင် Central Asian Oil City မှ အမှုဆောင်အရာရှိချုပ်နှင့် ကမ္ဘာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာညီလာခံကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ China Association for Asian Economic Development Mining Professional Committee မှ Deputy Secretary General ၊ အီရန်နိုင်ငံမှ Iran National Innovation Fund တို့မှ တာဝန်ရှိသူများနှင့် သီးခြားစီတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု၊ရေနံထွက်ပစ္စည်းများထုတ်လုပ်မှုနယ်ပယ်များတွင် အဆင့်မြင့်နည်းပညာများ အသုံးချရေး၊ တီထွင်ဆန်းသစ်မှုများ ပြုလုပ်နိုင်ရေး၊ ကုန်းတွင်းရေနံနှင့်သဘာဝဓာတ်ငွေ့ တူးဖော်ရေးသုံး စက်ပစ္စည်းကိရိယာများအား မူရင်းထုတ်လုပ်သူများထံမှ တိုက်ရိုက်ဝယ်ယူအသုံးပြုနိုင်ရေးတို့အပါအဝင် ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်ရေးတို့ကို ဆွေးနွေးခဲ့သည်။

ထို့ပြင် ၂၀၂၅ ခုနှစ် နှစ်ကုန်ပိုင်းတွင် အာရှရေနံနှင့်သဘာဝဓာတ်ငွေ့ဆိုင်ရာ ကုန်စည်ပြပွဲ (Asian Oil & Gas Equipment Exhibition) နှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ဖိတ်ခေါ်သည့်ဖိုရမ် (Investment Forum for Oil & Gas Sector)တစ်ခုအား မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပနိုင်ရေး ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် Central Asian Oil City နှင့် China Association for Asian Economic Development Mining Professional Committee တို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲကို ဧည့်သည်တော်အဖြစ် တက်ရောက်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရွှေစည်းခုံစေတီတော်သို့ ယခုနှစ် ၁၀ လတာကာလအတွင်း ဘုရားဖူးဧည့်သည် နှစ်သန်းကျော် လာရောက်လည်ပတ်

ညောင်ဦး နိုဝင်ဘာ ၈

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်ရှိ ရွှေစည်းခုံစေတီတော်သို့ ယခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ ၁၀ လတာကာလအတွင်း ပြည်တွင်းပြည်ပမှ ဘုရားဖူးဧည့်သည် နှစ်သန်းကျော် လာရောက်လည်ပတ်ခဲ့ပြီး ယခင်နှစ်ထက် ပိုမိုများပြားခဲ့ကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန (ပုဂံရုံးခွဲ)မှ သိရသည်။

ရွှေစည်းခုံစေတီတော်သို့ ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ ၁၀ လတာကာလအတွင်း ပြည်တွင်းပြည်ပမှ ဘုရားဖူးဧည့်သည် ၁ ဒသမ ၉၃ သန်းခန့် လာရောက်ခဲ့ပြီး ယခုနှစ်ကာလတူတွင် ၂ ဒသမ ၂၂ သန်းခန့် ဝင်ရောက်ခဲ့သည့်အတွက် ယခင်နှစ်ကထက် ဘုရားဖူးဧည့်သည် သုည ဒသမ ၂၉ သန်းခန့် ပိုမိုဝင်ရောက်ခဲ့သည်။

" ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို လာရောက်လည်ပတ်ကြတဲ့ ပြည်တွင်းပြည်ပဘုရားဖူးဧည့်သည်တွေက အများအားဖြင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တွေနဲ့ ဗိသုကာပညာလက်ရာတွေရှိတဲ့ ရွှေစည်းခုံစေတီ၊ အာနန္ဒာဘုရားနဲ့ ဓမ္မရံကြီးဘုရားတို့လို ဘုရားစေတီတွေ၊ နံရံဆေးရေးပန်းချီတွေကို လေ့လာနိုင်တဲ့ လောကထိပ်ပန်ဘုရားနဲ့ မြင်းကပါဂူပြောက်ကြီးဘုရား စတဲ့ဘုရားစေတီတွေကို စိတ်ဝင်တစား လာရောက်ဖူးမြော်ကြပါတယ်" ဟု ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန(ပုဂံရုံးခွဲ) လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းအောင်ကပြောသည်။

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသတွင် တစ်နှစ်ထက်တစ်နှစ် ခရီးသွားဝင်ရောက်မှုများပြားလာသောကြောင့် လာရောက်လည်ပတ်ကြသော ခရီးသွားဧည့်သည်များကို ကောင်းမွန်စွာ ဝန်ဆောင်မှုပေးနိုင်ရန်နှင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိလာပြီး လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်လာစေရန် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန(ပုဂံရုံးခွဲ)ကကြီးမှူး၍ ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိသည်။

ထို့ပြင် နိုင်ငံခြားခရီးသွားဧည့်သည်များအား ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ဘုရားစေတီပုထိုးများ၏ သမိုင်းကြောင်းများနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ပိုမိုနားလည်သိရှိလာစေရေးအတွက် ကျွမ်းကျင်စွာရှင်းပြနိုင်စေရန် ဧည့်လမ်းညွှန်မွမ်းမံသင်တန်းများကိုလည်း စီစဉ်ဖွင့်လှစ်ပေးလျက်ရှိကြောင်း သိရသည်။

ဆောင်းဦး

# ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ၂၆၁၃ နှစ်ပြည့် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

ပြည် နိုဝင်ဘာ ၈

ပြည်မြို့ လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ၂၆၁၃ နှစ်ပြည့် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူခြင်း ဖွင့်ပွဲအခမ်းအနားအား ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီရင်ပြင်တော်ပေါ်၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(ပြည်) ဒေသကွပ်ကဲရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် စေတနာရှင်ပြည်သူများက ကြွရောက်လာသည့် ဆရာတော် ၁၀၈ ပါးအား ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူပူဇော်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်းရှိ ဘုရားသိမ်အဟောင်းအား ကြည့်ရှုပြီး ရှေးမူမပျက် အမြန်ဆုံးပြင်ဆင်သွားရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

# ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း၊ ရန်ကုန်)တို့တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပထမနှစ်ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် A.G.T.I ဒီပလိုမာသင်တန်းများ တက်ရောက်ကြမည့် သင်တန်းသား၊ သင်တန်းသူများ စိစစ်အတည်ပြုရွေးချယ်



နေပြည်တော် နိုဝင်ဘာ ၈

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်နှင့် တာဝန်ရှိသူများသည် နိုဝင်ဘာလ ၇ ရက်နှင့် ၈ ရက်တို့တွင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း၊ ရန်ကုန်) တို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပထမနှစ်သင်တန်းသို့ တက်ရောက်ကြမည့် သင်တန်းသား၊ သင်တန်းသူများအား စိစစ်အတည်ပြုရွေးချယ်ကြကြောင်း သိရသည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း၊ ရန်ကုန်)တို့ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ၊ ပထမနှစ်သင်တန်းတက်ရောက်မည့် သင်တန်းသား၊ သင်တန်းသူများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများ ထားရှိမည့် အိပ်ဆောင်များ၊ စာသင်ဆောင်များ၊ စားရိပ်သာများနှင့် ကျောင်းဝင်းအတွင်း စိုက်ပျိုး/မွေးမြူရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

နယ်စပ်ရေးရာဝန်ကြီးဌာန အနေဖြင့် နယ်စပ်ဒေသရှိတိုင်းရင်းသားလူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း၊ ရန်ကုန်) တို့သို့ တက်ရောက်ကြမည့် သင်တန်းသား၊ သင်တန်းသူများကို ရွေးချယ်ရာတွင် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း ၄၅ ကျောင်းမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး သတ်မှတ်အမှတ်ပြည့်မီသူများ၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများမှ ဝင်ခွင့်အရည်အချင်း သတ်မှတ်ချက်နှင့် ကိုက်ညီသော တိုင်းရင်းသား၊ တိုင်းရင်းသူများကို လူတွေ့စစ်ဆေး အတည်ပြုရွေးချယ်ခဲ့ခြင်းဖြစ်သည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် သင်တန်းသားရွေးချယ်ရေးဗဟိုကော်မတီက မြန်မာနိုင်ငံတစ်ဝန်းရှိ ဝေးလံသောနယ်စပ်ဒေသများမှ ကျောင်းသား၊ ကျောင်းသူများအား ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် A.G.T.I ဒီပလိုမာသင်တန်းများအတွက် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း)တွင် ၂၂၁ ဦး၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်) တွင် ၂၂၃ ဦး စုစုပေါင်း ၄၄၄ ဦးကို စိစစ်အတည်ပြုရွေးချယ်ခဲ့ပြီး ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ လေးနှစ်နှင့် A.G.T.I ဒီပလိုမာ သုံးနှစ်သင်ကြားပေးသွားမည်ဖြစ်ကာ ကျောင်းဆင်းပြီးချိန်တွင် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် A.G.T.I ဒီပလိုမာရရှိသူများကို ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့် အညီ မိမိဒေသအုပ်ချုပ်ရေးနှင့်ဒေသဖွံ့ဖြိုးရေးအတွက် MSME လုပ်ငန်းများနှင့် သက်ဆိုင်သည့် ဝန်ကြီးဌာနများ၌ အကြီးတန်းစာရေးနှင့် အဆင့်တူရာထူးနေရာများအတွက် နိုင်ငံ့ဝန်ထမ်းများအဖြစ် ခန့်အပ်တာဝန်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

# ပြည်နယ်တိုင်းရင်းသားယဉ်ကျေးမှုဗဟိုစင်တာကို ပြည်နယ်ဂုဏ်ဆောင်ပြယုဂ်တစ်ခုဖြစ်လာရန် ရည်ရွယ်ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၈**

ကရင်ပြည်နယ် ဘားအံမြို့၌ ရောက်ရှိနေသော တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ ကရင်ပြည်နယ်အစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစန်းကိုတို့နှင့်အတူ ယမန်နေ့က ပြည်နယ်တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနရုံးအစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး အမှာစကားပြောကြားသည်။ ယင်းနောက်ဝန်ထမ်းများက လုပ်ငန်းတာဝန်ထမ်းဆောင်မှုနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့အတူ ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးတို့သည် မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီး ဦးခင်မောင်ဦး၊ တာဝန်ရှိသူများနှင့်အတူ မွန်ပြည်နယ် မော်လမြိုင်မြို့သို့ရောက်ရှိပြီး ပြည်နယ်တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနရုံး၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်သည့် ဥပဒေ၊ နည်းဥပဒေနှင့်အညီ ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မော်လမြိုင်မြို့နယ် မင်းရွာကျေးရွာရှိ ပြည်နယ်တိုင်းရင်းသားယဉ်ကျေးမှုဗဟိုဌာနသို့သွားရောက်၍ အဝင်မုခ်ဦး၊ လေးထပ်မျှော်စင်၊ ဝန်ထမ်းအိမ်ရာ၊ ဝန်းခြံစည်းရိုး၊ ယဉ်ကျေးမှုပြတိုက်အဆောက်အအုံနှင့်အခြားဆက်စပ်လုပ်ငန်းများဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



အဆိုပါတိုင်းရင်းသားယဉ်ကျေးမှုဗဟိုစင်တာသည် မွန်ပြည်နယ်အတွင်းရှိ မွန်၊ ဗမာ၊ ပအိုဝ်းနှင့် ကရင်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာများကိုတစ်နေရာတည်းတွင်အလွယ်တကူဝင်ရောက်လေ့လာနိုင်ရန်နှင့် ပြည်နယ်ဂုဏ်ဆောင် ပြယုဂ်တစ်ခုဖြစ်လာနိုင်ရန် ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။ (၅၀၀)

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ဆေးကုသမှုခံယူနေသူတစ်ဦးအား စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံနှင့် ခိုလမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ရှိတပ်မတော်ဆေးရုံနှင့် ထားဝယ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် ဆေးကုသမှုခံယူနေသူ တစ်ဦးအား ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် ဆေးကုသမှုခံယူနေသူတစ်ဦးအား ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၃၁၂၄၅၊ ၀၂- ၄၀၃၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဖက်ဒရယ်စနစ်ဆိုင်ရာဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၈

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘာ့ရေးရာဆိုင်ရာအိန္ဒိယကောင်စီ (Indian Council of World Affairs – ICWA) ၏ ဖိတ်ကြားချက်အရ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် နိုဝင်ဘာလ ၅ ရက်မှ ၆ ရက် အထိကျင်းပသည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဖက်ဒရယ်စနစ်ဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်ပြီး ယမန်နေ့ ညပိုင်းက လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ခရီးစဉ်အတွင်း အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာလ ၄ ရက် မွန်းလွဲပိုင်းတွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့သို့ရောက်ရှိရာ ကမ္ဘာ့ရေးရာဆိုင်ရာအိန္ဒိယကောင်စီ (ICWA) မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။




နိုဝင်ဘာလ ၅ ရက်နံနက်ပိုင်းတွင်မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် ဖက်ဒရယ်စနစ်ဆိုင်ရာဆွေးနွေးပွဲ တက်ရောက်ပြီး အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌနှင့် ICWA အတွင်းရေးမှူး Smt. Nutan Kapoor Mahawar တို့က အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားခဲ့ကြသည်။ ထို့နောက် အိန္ဒိယနိုင်ငံမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက အိန္ဒိယ ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတနှင့် အုပ်ချုပ်ရေးမှူးများ၏ အခန်းကဏ္ဍနှင့် အိန္ဒိယနိုင်ငံတွင် ဖက်ဒရယ်ပြည်ထောင်စု ပြန်လည်ဖွဲ့စည်းတည်ထောင်ခြင်းခေါင်းစဉ် များအား ဆွေးနွေးခဲ့ကြရာ ကိုယ်စားလှယ် အဖွဲ့ဝင်များက သိရှိလိုသည်များ မေးမြန်း ဆွေးနွေးခဲ့ကြသည်။ မွန်းလွဲပိုင်းတွင် ဖက်ဒရယ်စနစ်၏ အခွင့်အာဏာခွဲဝေမှုနှင့် အခွန်ခွဲဝေမှုခေါင်းစဉ်ကို ဆွေးနွေးခဲ့ကြပြီး မြန်မာကိုယ်စားလှယ်အဖွဲ့သည်အိန္ဒိယနိုင်ငံ ၏ ၁၆ ကြိမ်မြောက် ဘဏ္ဍာရေးကော်မရှင်နှင့် သွားရောက်တွေ့ဆုံခဲ့ကြသည်။

နိုဝင်ဘာလ ၆ ရက် နံနက်ပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ဖက်ဒရယ်စနစ်ဆိုင်ရာ ဆွေးနွေးပွဲ ဒုတိယနေ့အစီအစဉ်သို့ ဆက်လက်တက်ရောက်၍ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်ပတ်သက်သည့် အိန္ဒိယနိုင်ငံ၏ ဒေသတွင်းအတွေ့အကြုံများနှင့်ဒေသတွင်း ကိုယ်ပိုင်အုပ်ချုပ်ရေးစနစ် (Panchayati Raj စနစ်) ခေါင်းစဉ်တို့အား အိန္ဒိယနိုင်ငံမှ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်ပညာရှင်များက ဆွေးနွေးခဲ့ကြရာ ကိုယ်စားလှယ်အဖွဲ့ဝင်များ က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ ကြသည်။ မွန်းလွဲပိုင်းတွင် ခေတ်မီနိုင်ငံတစ်ခု အတွင်း ဘာသာစကား၊ အခြားကွဲပြားမှု များနှင့် လိုက်လျောညီထွေနေထိုင်ခြင်း ခေါင်းစဉ်အား ဆက်လက်ဆွေးနွေးခဲ့ကြပြီး ညနေပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ သည် အိန္ဒိယနိုင်ငံရှိ ဘာသာဗေဒ လူနည်းစု ဆိုင်ရာကော်မရှင်နာနှင့် တွေ့ဆုံခဲ့ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် နိုဝင်ဘာလ ၅ ရက်မှ ၆ ရက်အထိ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင်ကျင်းပခဲ့သော ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ဖက်ဒရယ်စနစ်ဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည့် ခရီးစဉ် အတွင်း အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် ဖက်ဒရယ်စနစ်ဆိုင်ရာများနှင့် ပတ်သက်ပြီး ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်၍ အပြန်အလှန်မေးမြန်းဆွေးနွေး မှုများ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။






(သတင်းစဉ်)

## အင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်ကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၈

မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်ကျင်းပရေး ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်း အဝေးကို ယနေ့နံနက်ပိုင်းတွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ သက်ဆိုင်ရာဝန်ကြီး ဌာနများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံဗိသုကာကောင်စီ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းတို့မှ တာဝန် ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျက ခေတ်အဆက်ဆက် မြန်မာ့အင်ဂျင်နီယာများ၏ နိုင်ငံ့အကျိုးပြု စွမ်းဆောင်နိုင်မှု သမိုင်းမှတ်တိုင်များကို လူငယ်များက အားကျအတုယူပြီး ခေတ်မီ အင်ဂျင်နီယာနည်းပညာတီထွင်ဖန်တီးနိုင်မှု များကို ပိုမိုဖွံ့ဖြိုးလာစေရန် ရည်ရွယ်ခြင်း ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်သူများက ကော်မတီအလိုက်လုပ်ငန်းဆောင်ရွက်မှုများ ကိုဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီး က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင် ရွက်ပေးကြောင်း သိရသည်။ (၅၀၀)

## လေဖိအားနည်းရပ်ဝန်း တစ်ခုဖြစ်ပေါ်နိုင်

နေပြည်တော် နိုဝင်ဘာ ၈

ယနေ့ညနေ ၃ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်း၌ နောက် ၄၈ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ် နိုင်သည်။ (မိုး/ဇလ)

## ကျွန်းလှမြို့နယ်၌ အစေ့ထုတ်ပြောင်း ၁၀၁၃၃ ဧက ရိတ်သိမ်းပြီးစီး၊ တစ်ဧကလျှင် ၄၈ ဒသမ ၆၉ တင်းထွက်ရှိ

ကျွန်းလှ နိုဝင်ဘာ ၈

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုး ခဲ့သော အစေ့ထုတ်ပြောင်း ၁၀၁၃၃ ဧက ရိတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုး ရာသီတွင် အစေ့ထုတ်ပြောင်း ၁၅၁၀၂ ဧက အထိစိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့်အဆိုပါစိုက်ပျိုး ထားသောစိုက်ခင်းများကို ယခုနှစ် ဩဂုတ် လမှ စတင်ရိတ်သိမ်းခဲ့ကြရာ ယနေ့ အထိ ၁၀၁၃၃ ဧကရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၄၈ ဒသမ ၆၉ တင်း ထွက်ရှိ ကြောင်းသိရသည်။

“ ဒီနှစ်မိုးသီးနှံစိုက်ပျိုးချိန်ကျွန်းလှမြို့နယ် မှာအစေ့ထုတ်ပြောင်း ၁၄၉၉၅ ဧကလျာထား စိုက်ပျိုးခဲ့ရာ ၁၅၁၀၂ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ ကြတယ်၊ လျာထားချက်ဧကထက်ကျော်လွန် စိုက်ပျိုးနိုင်ခဲ့တာပါ။ အခုလက်ရှိအချိန်မှာ လည်း စိုက်ပျိုးထားတဲ့ အစေ့ထုတ်ပြောင်း စိုက်ခင်းတွေရိတ်သိမ်းလျက်ရှိပါတယ်၊ ဒီနေ့ အထိ ၁၀၁၃၃ ဧက ရိတ်သိမ်းပြီးစီးနေပြီ ဖြစ်ပါတယ်။ တောင်သူတွေ အစေ့ထုတ် ပြောင်းစိုက်ပျိုးရာမှာ သီးသန့်စိုက်ကြသလို ပဲစင်းငုံသီးနှံနဲ့သီးညှပ်စိုက်ပျိုးကြပါတယ်။ အခု ပြောင်းစိုက်ခင်းတွေအောင်မြင်ဖြစ်ထွန်း နေပါတယ်” ဟု မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

ယခုနှစ်ကျွန်းလှမြို့နယ်၌ အစေ့ထုတ် ပြောင်းသီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုးကြိုတင်ကာကွယ် ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးနှင့်ချင်း၊ ရေတ်ပိုးနှင်ဆေး အသုံးပြုရေး၊ စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးခြင်းတို့ ဆောင်ရွက်ကြ ကြောင်း သိရသည်။ (၄၀၉)


အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
DAGON
ပင်ရင်းအရောင်းဌာန - ဖုန်း- ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


ထုတ်လုပ်မှုသက်တမ်း (၂၀) နှစ်ကျော်ရှိပြီး ဗိဘပြည်သူများ ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ပါသည်။
PREMIUM QUALITY CEMENT
တစ်သက်တာလုံးကြံ့ခိုင်ဖို့
RHINO
သုံးကြစို့....
RHINO PORTLAND CEMENT
PRODUCT OF MEC
EXPORT QUALITY
RHINO CEMENT
ပင်ရင်းအရောင်းဌာန- ဖုန်း - ၀၉ ၄၂၈၇၃၀၉၉၂၊ ၀၉ ၄၂၈၇၃၀၉၉၃
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
PORTLAND CEMENT, BRITISH STANDARD
OPC-BS-12-1996,42.5N


မြန်မာလင်း(န်)အင်(န်)ဒဲဗလော့(ပ်)မင့်(တ်)လီမိတက်
Myanmar Land and Development Limited
အဆင့်မြင့်နည်းပညာဖြင့် ပစ္စည်းအစစ်အမှန်သုံးကာ မြန်-ကောင်း-သက်သာ စိတ်တိုင်းကျစွာဖြင့် ဆောက်လုပ်ပေးမှာ MLDL ပါ
ဆက်သွယ်ရန်
Myanmar Land and Development Limited၊ အမှတ်(၁/၂)၊ သီရိရတနာလမ်း၊ ခွာညိုပန်းအဝိုင်းအနီး၊ ဇဝနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
ဖုန်း - ၀၆၇ ၄၄၃၅၁၈၁၊ ၀၆၇ ၄၄၃၅၁၈၂၊၀၆၇ ၄၄၃၅၁၈၅၊ ၀၆၇ ၄၄၃၅၁၈၃၊ Fax - ၀၆၇ ၄၄၃၅၁၈၈၊ Email; myanmarland2005@gmail.com


ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရန်ကုန်-နေပြည်တော်-တောင်ကြီး-မုံရွာ-မန္တလေး-ပြင်ဦးလွင်-ကျောက်ပန်းတောင်း-ချောက်-ဆိပ်ဖြူ-ပုဂံ(ညောင်ဦး)-ပခုက္ကူ
မကွေး-မိတ္ထီလာ-မြင်းခြံ-ပုသိမ်-မော်လမြိုင်-သံဖြူဇရပ်-ကျိုက္ကမီ-တောင်ငူ-ဆွာ-ရေနီ-ပဲခူး-ညောင်လေးပင်-ဘားအံ-မြဝတီ
➢ ပါရမီ(YBS)
09-459448201
➢ ရွှေမန်းသူ
09-254781060
➢ မန္တလေးအခြေစိုက်
09-426500153
➢ တော်ဝင်
09-423333250
➢ ပါရမီတက္ကစီ
01-3643641
➢ ကုန်စည်
09-440619258
ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု မြို့တွင်း/ မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။

# နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန် ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်း ရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

( ခ ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာ သုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန် နားချိန်မရှိဘဲ အချိန်ပြည့် တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

( ဂ ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများ ပါဝင်ရမည်။

( ခ ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

( ဂ ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

( င ) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိစစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာ့ဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

( ခ ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

( ဂ ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့် ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုရ။

( င ) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ကဗျာ) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်) တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

( ခ ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

( ဂ ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

( င ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

( စ ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (စာလုံးအရွယ်အစား ၁၄) ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာ ချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| ( ခ ) | ဒုတိယဆု | ၈၀၀၀၀၀ | ကျပ် |
| ( ဂ ) | တတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀၀၀၀ | ကျပ် |
| ( င ) | ပဉ္စမဆု | ၅၀၀၀၀၀ | ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| ( ခ ) | ဒုတိယဆု | ၈၀၀၀၀၀ | ကျပ် |
| ( ဂ ) | တတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀၀၀၀ | ကျပ် |
| ( င ) | ပဉ္စမဆု | ၅၀၀၀၀၀ | ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| ( ခ ) | ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| ( ဂ ) | တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| ( င ) | ပဉ္စမဆု | ၁၅၀၀၀၀ | ကျပ် |
| ( စ ) | အထူးဆု(၁) | ၁၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀၀၀၀ | ကျပ် |
| ( ဇ ) | အထူးဆု(၃) | ၁၀၀၀၀၀ | ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| ( ခ ) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| ( ဂ ) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| ( င ) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| ( စ ) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| ( ဇ ) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| ( ခ ) | ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| ( ဂ ) | တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| ( င ) | ပဉ္စမဆု | ၁၅၀၀၀၀ | ကျပ် |
| ( စ ) | အထူးဆု(၁) | ၁၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀၀၀၀ | ကျပ် |
| ( ဇ ) | အထူးဆု(၃) | ၁၀၀၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| ( ခ ) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| ( ဂ ) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| ( င ) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| ( စ ) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| ( ဇ ) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| ( ခ ) | ဒုတိယဆု | ၆၀၀၀၀၀ | ကျပ် |
| ( ဂ ) | တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| ( င ) | ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |
| ( စ ) | အထူးဆု(၁) | ၂၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၂၀၀၀၀၀ | ကျပ် |
| ( ဇ ) | အထူးဆု(၃) | ၂၀၀၀၀၀ | ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| ( ခ ) | ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| ( ဂ ) | တတိယဆု | ၆၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀၀၀၀ | ကျပ် |
| ( င ) | ပဉ္စမဆု | ၄၀၀၀၀၀ | ကျပ် |
| ( စ ) | အထူးဆု(၁) | ၃၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၃၀၀၀၀၀ | ကျပ် |
| ( ဇ ) | အထူးဆု(၃) | ၃၀၀၀၀၀ | ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

# ကော်ဖီလုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ရေရှည်အကျိုးစီးပွားကို မျှော်မှန်းပြီး မြေယာလုပ်ပိုင်ခွင့်စည်းကမ်းများကို တိကျစွာလိုက်နာဆောင်ရွက်ကြရန်လို



နေပြည်တော် နိုဝင်ဘာ ၈

ပြင်ဦးလွင်ဒေသကော်ဖီစိုက်ပျိုးထုတ်လုပ်သူများနှင့်တွေ့ဆုံပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ပြင်ဦးလွင်ကော်ဖီဥယျာဉ် ရှင်းလင်းဆောင်၌ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကော်ဖီအသင်း တာဝန်ရှိသူများနှင့် ကော်ဖီလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ဝန်ကြီးဌာနက ဆောင်ရွက်ပေးရန်ရှိသည်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ နှောင့်နှေးမှုမရှိစေဘဲ စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကော်ဖီတောင်သူများ၊ ကော်ဖီလုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့၏ရေရှည်အကျိုးစီးပွားကို မျှော်မှန်းပြီး မြေယာလုပ်ပိုင်ခွင့် အသုံးပြုခွင့်ဆိုင်ရာ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာဆောင်ရွက်ကြရန်လိုကြောင်း ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက်တွေ့ဆုံပွဲသို့တက်ရောက်လာကြသူများက ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုအတွေ့အကြုံများနှင့် လိုအပ်ချက်များကိုတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ညှိနှိုင်းဆွေးနွေးကြသည်။

ထိုမှတစ်ဆင့် ရမည်းသင်းမြို့နယ် သင်ပန်းကုန်းကျေးရွာအုပ်စု မိုးစပါးစံပြကွက်တွင်စိုက်ပျိုးထားသောအရည်အသွေးကောင်း၊ အထွက်ကောင်းစပါးမျိုးသစ် (YSR-1) ဧက ၄၀ ၏ဖြစ်ထွန်းအောင်မြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်တွင် သင်ပန်းကုန်း၊ ဆည်ကြီးနှင့် ညောင်အိုင်ကျေးရွာတို့မှ တောင်သူများအားတွေ့ဆုံ၍ ဒေသ၏စိုက်ပျိုးထုတ်လုပ်မှုအခြေအနေ၊ တောင်သူများ၏ သီးနှံစိုက်ပျိုးထွက်ရှိမှုနှင့် ဝင်ငွေအကျိုးအမြတ်တို့ကိုမေးမြန်းဆွေးနွေးပြီး မျိုးကောင်းမျိုးသန့် ပြောင်းလဲသုံးစွဲခြင်း၏ အရေးပါမှုနှင့် သီးထပ်စွမ်းအား မြှင့်တင်ရေးအတွက် ဌာနပညာရှင်များနှင့်တောင်သူများပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဆောင်းနေကြာ(ဆင်းရွှေကြာ-၂) ဧက ၁၅၀ စံပြစိုက်ကွင်းကို ကြည့်ရှုစစ်ဆေးပြီး ဆီထွက်သီးနှံနေကြာ တောင်သူများနှင့်တွေ့ဆုံ၍ နေကြာစိုက်ပျိုးခြင်းဆိုင်ရာ လိုက်နာသင့်သောနည်းပညာများအား ရှင်းလင်းဆွေးနွေးပြောကြားကာ တောင်သူများ၏ တင်ပြမှုအပေါ် လိုအပ်ချက်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

## အင်အားအနည်းငယ်ရှိသော မြေငလျင်များလှုပ်ရှား

နေပြည်တော် နိုဝင်ဘာ ၈

၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၇ ရက် မြန်မာစံတော်ချိန် ၂၃ နာရီ ၀၀ မိနစ် ၄၂ စက္ကန့်အချိန်တွင် ကျိုင်းတုံမြေငလျင်စခန်းမှ အရှေ့တောင်ဘက် ၁၆ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ကျိုင်းတုံမြို့၏အရှေ့တောင်ဘက် ၁၅ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၁ ဒသမ ၁၇ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၉ ဒသမ ၇၉ ဒီဂရီ၊ အနက် ၂၇ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၂ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

အလားတူ ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၈ ရက် မြန်မာစံတော်ချိန် ၀၀ နာရီ ၃၃ မိနစ် ၁၂ စက္ကန့်အချိန်တွင် တောင်ငူမြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၁၀ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ရေတာရှည်မြို့၏တောင်ဘက် ၈ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၁၉ ဒသမ ၀၃ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၃၄ ဒီဂရီ၊ အနက် ၃၃ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၃ ဒသမ ၁ အဆင့်ရှိ အင်အား အနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ (မိုး/ဇလ)

## မိဘမဲ့ဂေဟာများအား မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၈

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်သောအဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်၊ ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ယမန်နေ့တွင်ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ အဝါရောင်မျိုးဆက်သစ် ပရဟိတမိဘမဲ့ကျောင်းနှင့် ယနေ့တွင် လယ်ဝေးမြို့နယ်ရှိ မဟာပရဟိတလူငယ်ဖွံ့ဖြိုးရေးဥယျာဉ်(စမတောင်) တို့ကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ကော်မရှင်အဖွဲ့ဝင်သည်ကလေးများကို ကျား/ မ ခွဲခြားပြီး ဂေဟာရှိ အိပ်ဆောင်များအလိုက်ထားရှိမှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အစားအစာကျွေးမွေးမှု အခြေအနေ၊ အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးမှု၊ သန့်ရှင်းသော သောက်သုံးရေ သုံးစွဲနိုင်မှုအခြေအနေများနှင့် ကလေးငယ်များအား စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာစေရန် ပြုစုစောင့်ရှောက်ပေးမှုအခြေအနေ၊ ပညာသင်ကြားခွင့်၊ အသက်မွေးဝမ်းကျောင်း ပညာသင်ကြားခွင့် စသည့် အခြေခံလူ့အခွင့်အရေးများရရှိစေရန် ဆောင်ရွက်ပေးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့ ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

## ရန်ကုန်မြို့၌ မြန်မာ့အထည်အလိပ်နှင့် စက်ယန္တရားကုန်စည်ပြပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၈

မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းနှင့် Chinese Textile & Garment Association in Myanmar (CTGA)တို့ပူးပေါင်း၍ မြန်မာ့အထည်အလိပ်နှင့် စက်ယန္တရားကုန်စည်ပြပွဲ (၂၀၂၄)ကို ဒီဇင်ဘာလ ၆ ရက်မှ ၈ ရက်အထိ ရန်ကုန်မြို့ရှိ Yangon Convention Center(YCC)၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကုန်စည်ပြပွဲတွင် ကုန်အမှတ်တံဆိပ် ၂၀ ကျော်ကို တရုတ်နိုင်ငံမှပြခန်းပေါင်း ၁၂၀ ခန့်နှင့် မြန်မာနိုင်ငံမှပြခန်းပေါင်း ၄၀ ခန့် စုစုပေါင်း ပြခန်းပေါင်း ၁၆၀ ကျော် ပါဝင်ပြသမည်ဖြစ်ပြီး အထည်အလိပ်နှင့် ဆက်စပ်ပစ္စည်းများ၊ အပ်ချုပ်စက်များ၊ အထည်ချုပ်လုပ်ငန်းသုံးပစ္စည်းအမျိုးမျိုး၊ Shoe & Bag အမျိုးမျိုးနှင့် Home Textile စသည့်ပစ္စည်းများကိုပြသမည်ဖြစ်သည်။

ထို့ပြင် အထည်ချုပ်လုပ်ငန်းနှင့်ပတ်သက်သည့် ဗဟုသုတများရရှိနိုင်မည့် Panel Discussion များ၊ Made in Myanmar Product များကိုပြသမည့် Fashion Show များ၊ Costume Competition များ၊ စီးပွားရေးဆိုင်ရာအချက်အလက်များကို ဖလှယ်နိုင်မည့် Business Matching များ ပါဝင်ပြသမည်ဖြစ်သည်။

ယင်းပြပွဲကို တရုတ်နိုင်ငံ Zhejiang ပြည်နယ် ကူးသန်းရောင်းဝယ်ရေးဦးစီးဌာန၏ပံ့ပိုးကူညီမှုဖြင့် ကျင်းပခြင်းဖြစ်သည်။ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း ဖုန်း-၀၉-၄၃၀၈၁၄၂၄ သို့ နိုဝင်ဘာလ ၁၈ ရက်နောက်ဆုံးထား၍ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **ခင်မောင်တင်**

## ရေစကြိုမြို့နယ်၊ နေရင်းကျေးရွာကို ၂ ရက်ဆက်တိုက် မီးရှို့ဖျက်ဆီးပြီး ပြည်သူပိုင်ပစ္စည်းများကို ယူဆောင်သွားကြောင်း မဟုတ်မမှန်လုပ်ကြံရေးသား ဖြန့်ဝေလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၈

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ နေရင်းကျေးရွာကို နိုဝင်ဘာလ ၆ ရက်နှင့် ၇ ရက်နေ့တို့တွင် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကာ ပြည်သူပိုင်ပစ္စည်းများကို ယူဆောင်သွားခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ ရေစကြိုမြို့နယ်မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ နေရင်းကျေးရွာကို လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက သွားရောက်ခဲ့ခြင်းမရှိကြောင်းနှင့် အဆိုပါသတင်းမှာလည်း သတင်းအမှားသာဖြစ်ကြောင်း၊ PDF အမည်ခံအကြမ်းဖက်သမားများက ၎င်းတို့ကို ထောက်ခံအားပေးခြင်းမရှိသည့် ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်းနှင့်အပြစ်မဲ့ပြည်သူများကို ဖမ်းဆီးသတ်ဖြတ်လျက်ရှိသည့်အတွက် နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများသည် ကျေးရွာများကို မီးရှို့ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများကို ဖမ်းဆီးသတ်ဖြတ်နေသည့် PDF အမည်ခံအကြမ်းဖက်သမားများကို ဖုံးကွယ်ပြီး နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ်




မဟုတ်မမှန် စွပ်စွဲရေးသားကာ ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် နိုဝင်ဘာ ၈

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

## အထူးဝမ်းနည်းကြေကွဲခြင်း

**သီရိပျံချီ ဗိုလ်ချုပ်တင်ထွတ်(ငြိမ်း) OTS-29**

**ဝန်ကြီး(ငြိမ်း)**

**သမဝါယမဝန်ကြီးဌာန**

**အသက်(၈၃)နှစ်**

သီရိပျံချီ ဗိုလ်ချုပ်တင်ထွတ်(ငြိမ်း)၊ ဝန်ကြီး(ငြိမ်း) သမဝါယမဝန်ကြီးဌာန၊ အသက်(၈၃)နှစ်သည် ၈-၁၁-၂၀၂၄ ရက် (သောကြာနေ့)၊ နံနက် ၁၁:၁၆ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးလှမိုး-ဒေါ်ကြည်ကြည်မေ မိသားစု
ပြည်ထောင်စုဝန်ကြီး
သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

## ဝမ်းနည်းကြေကွဲခြင်း

**ကြည်း ၉၆၉၂ ဗိုလ်ကြီးသိန်းဟန်(ငြိမ်း)**

B.S (Mech Engr)

**အသက်(၈၄)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်နေ ဗိုလ်မှူးချုပ်ဇော်မျိုးဟန်+ဒေါက်တာခိုင်မာအောင် တို့၏ချစ်လှစွာသောဖခင် ဗိုလ်ကြီးသိန်းဟန်(ငြိမ်း)၊ အသက်(၈၄)နှစ်သည် ၈-၁၁-၂၀၂၄ ရက် (သောကြာနေ့) မွန်းလွဲ ၂:၀၀ နာရီတွင် တပ်မတော်ဆေးရုံ(ခုတင်-၅၀၀) ရန်ကုန်မြို့၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

တဆရ(၂/၅၀၀) မိသားစု

## ကြည်း ၉၆၉၂ ဗိုလ်ကြီးသိန်းဟန်(ငြိမ်း)

B.S (Mech Engr)

**အသက်(၈၄)နှစ်**

ပဲခူးမြို့နေ (ဦးကြာညို+ဒေါ်သန်းရှင်)တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၃၀)ရပ်ကွက်၊ နှင်းဆီဝါလမ်း၊ အိမ်အမှတ်(၁၆၄)နေ (ဒေါက်တာဒေါ်ညိုညို)၏ခင်ပွန်း၊ ဗိုလ်မှူးချုပ်ဇော်မျိုးဟန်+ဒေါက်တာခိုင်မာအောင်၊ (ဦးရဲမျိုးဟန်)+ ဒေါက်တာအေးမြသက်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ (မောင်ရဲထွဋ်)၊ မမြတ်စန္ဒာဇော်၊ မောင်အောင်ဟိန်းကျော်၊ မောင်ဘုန်းမြတ်သူတို့၏ ချစ်လှစွာသော အဘိုးဖြစ်သူသည် ၈-၁၁-၂၀၂၄ ရက် (သောကြာနေ့) မွန်းလွဲ ၂:၀၀ နာရီတွင် တပ်မတော်ဆေးရုံ(ခုတင်-၅၀၀) ရန်ကုန်မြို့၌ ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၁၀-၁၁-၂၀၂၄ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁:၀၀ နာရီတွင် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ မင်္ဂလာဒုံ(ငြိမ်းအေးဇရပ်)မှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### အမည်ပြောင်း

ပျော်ဘွယ်မြို့၊ ရွှေယောနသံကိုယ်ပိုင်အလယ်တန်းကျောင်း၊ G-4 မှ (ဘ)ဦးထွန်းမင်းအောင်၏သမီး မဆုမြတ်မင်းဇင်အား မခင်ရတီထွန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

မခင်ရတီထွန်း

### ပျောက်ဆုံးကြောင်း

ကျော်မျိုးဇော်(ဘ)ဦးအေးလွင် ၇/ကပက(နိုင်)၁၂၀၇၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၁၅၀၅၃၄၁

### ပျောက်ဆုံးကြောင်း

ထွန်းထွန်းဦး(ဘ)ဦးမြင့်ဇော်ဝင်း ၈/နမန(နိုင်)၂၇၇၉၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 930651)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၁၂၁၅၁၇၆

### ပျောက်ဆုံးကြောင်း

မောင်နေဇော်(ဘ)ဦးဝင်းနိုင်ထွန်း ၁၁/စတန(နိုင်)၀၇၄၁၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 720449)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၁၂၁၅၁၇၆

### ပျောက်ဆုံးကြောင်း

သင်းယုအိမ်(ဘ)ဦးလျော်ချန်းဒွဲ ၁၃/မဆတ(နိုင်)၀၇၂၄၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 169922)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း

သိန်းစိုး(ဘ)ဦးသိန်းလှိုင် ၁၃/သပန(နိုင်)၁၁၆၆၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 792570)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း

နန်းမွေဟွမ်(ဘ)ဦးလုံးဖောက ၁၃/နစန(နိုင်)၁၀၄၄၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 712242)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၊ ကင်းတောင်ရွာနေ မစိုးသန်း(ဘ)ဦးဘိုနီ ၆/ရဖန(နိုင်)၀၈၅၂၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 091722)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၂၀၆၉၈၁

### ပျောက်ဆုံးကြောင်း

နေမျိုးအောင်(ဘ)ဦးခင်အောင် ၁၂/ဥကမ(နိုင်)၂၃၀၈၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**စာပေမြင့်မှ လူမျိုးတင့်မည်**

### အမည်မှန်

အ.ထ.က(၅)၊ တောင်ကြီးမြို့၊ Grade-12(A) မှ ပညာသင်ကြားနေသော အဘ ဦးယောစီ ၁၃/ကသန(နိုင်)၀၈၄၃၄၁ ၏သား မောင်ယောဆက်၏အမည်မှန်မှာ မောင်ယောဇက် ၁၃/ကသန(နိုင်)၀၇၃၁၈၁ ဖြစ်ပါကြောင်း။ **မောင်ယောဇက်**

### ဖခင်အမည်မှန်

နတ်မောက်မြို့နယ်၊ အ.ထ.က ပင်း Grade-12 မှ မအေးမို့မို့ခိုင်၏ ဖခင်အမည်မှန်မှာ ဦးကျော်သက် ၈/ကပတ(နိုင်)၀၀၃၉၅၉ ဖြစ်ပါကြောင်း။

ဦးကျော်သက်

### ဖခင်အမည်မှန်

နတ်မောက်မြို့နယ်၊ အ.ထ.က ပင်း Grade-12 မှ မချောအိလှိုင်၏ ဖခင်အမည်မှန်မှာ ဦးမြင့်ရွှေ ၇/အတန(နိုင်)၀၇၂၃၆၈ ဖြစ်ပါကြောင်း။

ဦးမြင့်ရွှေ

### မိခင်အမည်မှန်

ဘီးလင်းမြို့၊ အ.ထ.က(ဘီးလင်း)ကျောင်း၊ Grade-12 မှ မောင်သန်းမြင့်၏ မိခင်အမည်မှန်မှာ ဒေါ်ချို ၇/ဝမန(နိုင်)၀၀၄၁၃၅ ဖြစ်ပါကြောင်း။

ဒေါ်ချို

### အမည်ပြောင်း

အထက(ဘီးလင်း)ကျောင်း၊ Grade-12 မှ (ဘ)ဦးသက်ဝင်း ၁၀/ဘလန(နိုင်)၂၁၅၂၀၇ ၏သမီး နော်မေသဇင်ထက်အား မမေသဇင်ထက် ၁၀/ဘလန(နိုင်)၂၀၆၄၇၉ ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မမေသဇင်ထက်**

### ဖခင်အမည်မှန်

ဘီးလင်းမြို့၊ အ.ထ.က(ဘီးလင်း)ကျောင်း၊ Grade-9 မှ နန်းစိုးစန္ဒာအေး၏ ဖခင်အမည်မှန်မှာ ဦးတင်လှိုင်စိုး ၁၀/ဘလန(နိုင်)၀၈၂၉၅၅ ဖြစ်ပါကြောင်း။

ဦးတင်လှိုင်စိုး

### ပျောက်ဆုံးကြောင်း

ဝေဝေဖြိုး(ဘ)ဦးစောလွင် ၁၂/လကန(နိုင်)၂၇၆၉၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 531602)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၄၁၆၈၈၅၄




## (၄၆)ကြိမ်မြောက် သွေးလှူရှင်များဂုဏ်ပြုပွဲ

ကျန်းမာရေးဝန်ကြီးဌာနမှ (၄၆)ကြိမ်မြောက် သွေးလှူရှင်များဂုဏ်ပြုပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် (၄၅)ကြိမ်မြောက် သွေးလှူရှင်ဂုဏ်ပြုပွဲနောက်ပိုင်း အကြိမ်(၄၀)နှင့် အကြိမ်(၄၀)အထက် သွေးလှူရှင်များသည် (၈-၁၁-၂၀၂၄)ရက် (သောကြာနေ့) နံနက်ပိုင်းမှစတင်၍ မိမိတို့၏သွေးလှူရှင်ကတ်အပြည့်အစုံနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ တစ်ပါတည်းယူဆောင်လာပြီး အမျိုးသားသွေးဌာနသို့ (၆-၁၂-၂၀၂၄)ရက် (သောကြာနေ့)နောက်ဆုံးထား၍ ရုံးဖွင့်ရက်များတွင် နံနက်(၉:၀၀)နာရီမှ ညနေ(၃:၃၀)နာရီအချိန်အတွင်း လာရောက်စာရင်းပေးသွင်းနိုင်ပါသည်။ လူကိုယ်တိုင်မလာရောက်နိုင်ပါက (Viber နံပါတ်-၀၉၇၉၇၂၀၈၈၈၄)သို့ ပေးပို့စာရင်းသွင်းနိုင်ပါသည်။ ဂုဏ်ပြုပွဲကျင်းပမည့်နေ့ရက်ကို ထပ်မံကြေညာပါမည်။

ဆက်သွယ်ရန်ဖုန်း(၀၁၈-၃၇၂၇၅၃)အား ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

### "J & D Co.,Ltd."

**မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၄၇၊ ပုဒ်မ ၁၅၂**
**မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ ၃၄၅၊ ပုဒ်မ ၂၅၀ တို့အရ**
**ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက်ဖျက်သိမ်းရန်ကြော်ငြာခြင်း**

၁။ "J & D Co.,Ltd."ကို အစုရှင်များ၏ ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန်(၂၉-၁၀-၂၀၂၄)ရက်နေ့က ကုမ္ပဏီတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးစိန်ကျော်ဝင်း(B.Com,C.P.A)၊ အမှတ်(၁၉၆/ခ)၊ စပယ်ခြံ(၄)လမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန် ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို (၆-၁၂-၂၀၂၄)ရက်နေ့ထက်နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| **ဦးအောင်ဆွေ** | **ဦးစိန်ကျော်ဝင်း** |
| **မန်နေးဂျင်းဒါရိုက်တာ** | **(B.Com,C.P.A)** |
| **J & D Co.,Ltd. ၏** | **စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ** |
| **ဒါရိုက်တာအဖွဲ့ကိုယ်စား** | **ဖုန်း-၀၉-၅၁၂၅၉၈၅** |

### "International Wood Coating Chemist Co.,Ltd."

**မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၄၇၊ ပုဒ်မ ၁၅၂**
**မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ ၃၄၅၊ ပုဒ်မ ၂၅၀ တို့အရ**
**ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက်ဖျက်သိမ်းရန်ကြော်ငြာခြင်း**

၁။ "International Wood Coating Chemist Co.,Ltd."ကို အစုရှင်များ၏ ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန်(၂၉-၁၀-၂၀၂၄)ရက်နေ့က ကုမ္ပဏီတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးစိန်ကျော်ဝင်း(B.Com,C.P.A)၊ အမှတ်(၁၉၆/ခ)၊ စပယ်ခြံ(၄)လမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန် ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို (၆-၁၂-၂၀၂၄)ရက်နေ့ထက်နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| **ဦးအောင်ဆွေ** | **ဦးစိန်ကျော်ဝင်း** |
| **မန်နေးဂျင်းဒါရိုက်တာ** | **(B.Com,C.P.A)** |
| **International Wood Coating** | **စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ** |
| **Chemist Co.,Ltd. ၏** | **ဖုန်း-၀၉-၅၁၂၅၉၈၅** |
| **ဒါရိုက်တာအဖွဲ့ကိုယ်စား** | |

### ပျောက်ဆုံးကြောင်း

ညောင်လေးပင်မြို့နယ်နေ မင်းဝေယံ(ဘ)ဦးညွန့်ရွှေ ၇/ညလပ(နိုင်)၁၈၉၃၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၃၅၅၀၃၀၄

### ပျောက်ဆုံးကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အောင်ကောင်းညွှန့်ကျေးရွာနေ မောင်မင်းခန့်(ဘ)ဦးစိုးခိုင် ၇/ကဝန(နိုင်)၁၉၄၆၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါ ရန်။

ဖုန်း-၀၉-၉၆၃၄၈၆၀၆၈

### ပျောက်ဆုံးကြောင်း

စိုးနိုင်ဦး(ဘ)ဦးလှသန်း ၁၂/မဘန(နိုင်)၀၆၁၆၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း

ရန်နိုင်ကို(ဘ)ဦးကျော်ဝင်း ၉/ပဘန(နိုင်)၁၄၄၂၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(839353)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း

မြစ်ကြီးနားမြို့၊ မြေမြင့်ရပ်ကွက်နေ ဒေါ်ဂျာအိန်(ဘ)ဦးလဆိုင်း ၁/မကန(နိုင်)၁၄၇၃၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 546971) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၃၃၂၈၁၂၄

### ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၆)ရပ်ကွက်၊ အကွက်အမှတ်(၂၄၄-က)၊ ဦးပိုင်အမှတ်(၂၇၄)၊ ဦးဘသိုက်အမည်ပေါက် (အလျား ၃၆'-၀" x အနံ ၄၇'-၀") ဝိုင်းမြေပေါ်တွင် ဦးမျိုးလွင် (၉/မခန(နိုင်)၀၄၈၂၂၁) ကိုင်ဆောင်သူမှ (အလျား ၃၀'-၀" x အနံ ၃၆'-၀") RC (၂)ထပ်ခွဲအဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး တာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ **မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

### မတည်ငွေရင်းလျှော့ချကြောင်းကြေညာခြင်း

ကျွန်တော်များ MY ZWE Company Limited သည် ကုမ္ပဏီမှတ်ပုံတင်အမှတ်-(134687118) ဖြင့် မှတ်ပုံတင်ထားသည့် ကုမ္ပဏီဖြစ်ပါသည်။ ယခုအခါ ကုမ္ပဏီတွင် အမှန်တကယ်လိုအပ်သော မတည်ရင်းနှီးငွေသာထားရှိရန် ကျပ် ၁၀၀,၀၀၀,၀၀၀/(ကျပ်သိန်းတစ်ထောင်)မှ ၅,၀၀၀,၀၀၀/(ကျပ်သိန်းငါးဆယ်)သို့ လျှော့ချမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

### ပျောက်ဆုံးကြောင်း

မြတ်မွန်စိုး(ဘ)ဦးခင်မောင်စိုး ၁၄/ဟသတ(နိုင်)၃၉၉၀၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း

ဇာနည်အောင်(ဘ)ဦးဘီဘီ ၁၄/မအပ(နိုင်)၀၀၃၂၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 640760)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA )ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

❖ မြန်မာစကားပုံတွင် ရေအသက်တစ်မနက်၊ ထမင်းအသက် ခုနစ်ရက်ဟူ၍ ရှိ. . .
❖ အလားတူ စာပေအသိပညာမရှိပါက တစ်သက်လုံးအခက်အခဲအကျပ်အတည်းများနှင့် ကြုံတွေ့ရနိုင် . . .
❖ ထို့ကြောင့် ပညာအသက်သည် ဘဝတစ်သက်ဖြစ် . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင် တပ်မတော်နည်းပညာတက္ကသိုလ်မှ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာကြီး၊ ဆရာမကြီးများ၊ သန္ဓေအရာရှိများနှင့် ဗိုလ်လောင်းများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီအဖွဲ့ဝင်၊ ချုံချင့်မြူနီစီပယ်ပါတီကော်မတီအတွင်းရေးမှူး Mr. Yuan Jiajun နှင့် တွေ့ဆုံဆွေးနွေး

## မြန်မာနိုင်ငံနှင့် သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ ယဉ်ကျေးမှုဖလှယ်မှုများ၊ ပညာရေးကဏ္ဍနှင့် ခရီးသွားကဏ္ဍမြှင့်တင်ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီအဖွဲ့ဝင်၊ ချုံချင့်မြူနီစီပယ်ပါတီကော်မတီအတွင်းရေးမှူး Mr. Yuan Jiajun နှင့်တွေ့ဆုံဆွေးနွေးစဉ်။

နေပြည်တော် နိုဝင်ဘာ ၈

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံချင့်မြို့သို့ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီအဖွဲ့ဝင်၊ ချုံချင့်မြူနီစီပယ်ပါတီကော်မတီအတွင်းရေးမှူး Mr. Yuan Jiajun နှင့် ယနေ့ညနေပိုင်းတွင် Yuzhou Hotel ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီအဖွဲ့ဝင်၊ ချုံချင့်မြူနီစီပယ်ပါတီကော်မတီ အတွင်းရေးမှူးက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ☞

ဆောင်းပါး ရည်မှန်းချက်အသွယ်သွယ် ဆုံစည်းစေသော အမျိုးသားအားကစားပွဲတော် စာ - ၈ သို့

MYAWADDY TRADING LIMITED





ပို့ကုန် လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ ရာဘာ၊ ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။
သွင်းကုန် စားအုန်းဆီ၊ လူ့အသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ ဓာတ်မြေဩဇာ၊ ကတ္တရာ။
Tel: 95-01-8373255,8373265,8373267, 8373291
Fax: 95-01-8373257